# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 28 October 2021 ၁၀၅၄၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း၌ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့များ၊ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သော်(အငြိမ်းစား)တို့ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ ယနေ့ ဖတ်စရာ

ကလျာဏမိတ္တဖြစ်ကြစေချင် — စာမျက်နှာ » ၆

အပယ်ခံလူသားမဖြစ်စေဖို့ ကူညီစောင့်ရှောက်စို့ — စာမျက်နှာ » ၁၀

တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်အား မိမိနေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက် — စာမျက်နှာ » ၇

ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၅၉၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၀၃ ဦး တွေ့ရှိ — စာမျက်နှာ » ၁၈

# ကြေးမုံ

## တူညီသည့်ဆန္ဒကိုအလေးထား နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်

ဒီမိုကရေစီစံနှုန်းများအရ မည်သည့်အခြေအနေ၊ မည်သည့်အဆင့်အတန်းတွင်မဆို လူအချင်းချင်း၊ အသိုက်အဝန်းအချင်းချင်း နှိမ့်ချဆက်ဆံခြင်းကို ခွင့်ပြုလေ့မရှိပေ။ မတူကွဲပြားသော ကမ္ဘာ့လူသားအချင်းချင်း၊ အသိုက်အဝန်းများအချင်းချင်း လေးစားအသိအမှတ်ပြုခြင်းတို့ကို လူ့အခွင့်အရေး လေးစားတန်ဖိုးထားသောနိုင်ငံများနှင့် လူ့အဖွဲ့အစည်းများက အသိအမှတ်ပြု လက်ခံထားကြသည်။ လူအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချဆက်ဆံခြင်းတို့ကို မည်သူမျှလက်ခံကြမည်မဟုတ်ပေ။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီစံနှုန်းများကို လိုလျှင်လိုသလိုသာ အသုံးပြုနေကြသည်။ မလိုလျှင် စံနှုန်းများကို မျက်ကွယ်ပြုနေကြသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ် (နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) တက်ရောက်ပါရန် ၁၉-၁၀-၂၀၂၁ ရက်နေ့၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံ၏ ဖိတ်ကြားချက်ကို မြန်မာဘက်က လက်ခံရရှိခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးသည် အစဉ်အလာအားဖြင့် နိုင်ငံ့ခေါင်းဆောင်များ သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်အား ကိုယ်စားပြုသူပုဂ္ဂိုလ်တို့သာ တက်ရောက်လေ့ရှိသော အစည်းအဝေးဖြစ်သည်။ ယခုထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ သို့မဟုတ် နိုင်ငံ့အကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ် ပါဝင်တက်ရောက်နိုင်ရေးကိုသာ လက်ခံမည်ဖြစ်ကြောင်း ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် မြန်မာနိုင်ငံမှ အကြောင်းပြန်ကြားခဲ့သည်။ ယခုကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် တက်ရောက်မည့် မြန်မာကိုယ်စားလှယ်၏အဆင့်ကို နှိမ့်ချ၍ ဖိတ်ကြားခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အကန့်အသတ်ထားခြင်းတို့သည် နိုင်ငံရေးရည်ရွယ်ချက်အကြောင်းတစ်ခုကို အကြောင်းပြု၍ အစဉ်အဆက် အတူတကွယှဉ်တွဲရပ်တည်ခဲ့သော နိုင်ငံအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချဆက်ဆံခြင်း သဘောသက်ရောက်နေသည်။

ထို့အပြင် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါမူ၊ လုပ်ထုံးလုပ်နည်းနှင့် အာဆီယံ၏ ထုံးတမ်းစဉ်လာတို့နှင့် ကွဲလွဲနေပြီး အထူးသဖြင့် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ် - ၂ ပါ "အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာရန်" နှင့် အပိုဒ် - ၅ တွင်ပါရှိသည့် "အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးနှင့် တာဝန်များရှိရမည်" ဆိုသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် ၁၅-၁၀-၂၀၂၁ ရက်နေ့က ပြုလုပ်ခဲ့သည့် အရေးပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ဆုံးဖြတ်ချက်သည် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒအရ ဆုံးဖြတ်ခဲ့ခြင်းမဟုတ်သည့်အတွက် ယင်းအစည်းအဝေးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအနေဖြင့် လက်ခံခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံမှ အာဆီယံထိပ်သီးအစည်းအဝေးများသို့ နိုင်ငံ့အကြီးအကဲအဆင့် သို့မဟုတ် ၎င်း၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးအဆင့် တက်ရောက်ခွင့် မရရှိသောကြောင့် မတက်ရောက်နိုင်ခြင်းမှာ အာဆီယံအား မကျေနပ်မှုကို ပြသလိုသောသဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်သည့်အပြင်၊ အာဆီယံကို သပိတ်မှောက်ခြင်းလည်းမဟုတ်ပေ။ အာဆီယံပဋိညာဉ်စာတမ်းပါမူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ရရှိသင့်သည့်အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံမှ ညှိနှိုင်းဆောင်ရွက်လိုသော သဘောထားကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနှင့်ကုလသမဂ္ဂ၏ အခြေခံမူများ၊ ပဋိညာဉ်စာတမ်းများကို အစဉ်လေးစားလိုက်နာလျက်ရှိပြီး ဒီမိုကရေစီ၏စံနှုန်းများအား အလေးထားသောနိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးသည့် အချိန်ကာလမှစ၍ အာဆီယံပဋိညာဉ်စာတမ်းပါမူများနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခဲ့၍ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံရေးအခြေအနေအရ မည်သို့ပင်ရှိသည်ဖြစ်စေ တူညီသည့် ဆန္ဒ (၅)ချက်ကို အာဆီယံနှင့် အပြုသဘောဆောင် ပူးပေါင်းလက်တွဲဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့က တင်သွင်းရာ၌ ကုမ္ပဏီတစ်ခုမှ ယာဉ်စီးရေ နှစ်စီးဖြင့်၊ အောက်ဆီဂျင်အိုးခွံ ၁၈၅၀၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀၆၀၀၊ လက်အိတ်တန် ၂၀ တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဇလွန်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဇလွန် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သော ၂၀၂၁ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မေရီလန်းကျေးရွာအုပ်စု တောင်သူဦးစောရေမီ၏ လယ်မြေတွင် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

တောင်သူဦးစောရေမီ၏ လယ်မြေတွင် ဆင်းသုခမိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်တင်း အစိုချိန်တင်း ၁၃၆ ဒသမ ၇၀၊ အခြောက်ချိန်တင်း ၁၂၈ ဒသမ ၅၀ ထွက်ရှိကြောင်း သိရသည်။



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံ (ပြန် / ဆက်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၁၀ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁,၈၃၁ | ၁၆,၁၃၆,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၃၀၀ | ၁,၃၆၁ | ၄,၄၁၁,၆၅၀ |
| MCB | ၇,၉၀၀ | ၇,၈၀၀ | ၁၃ | ၁၀၁,၇၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၄၀၀ | ၁,၁၆၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၆၆ | ၃၂၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၂.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၅.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၇.၂၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၁၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၆.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၇.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၃.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၉.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၁.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်

**မိမိတို့နိုင်ငံလျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာအတတ်ပညာပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်သည့် အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့်အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကိုနားလည်လာမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်ဖြစ်ကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်း၌ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့များ၊ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာများ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်ဓာတ်အားအသုံးပြု၍ အများပြည်သူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ နှစ်နိုင်ငံအကြားသွားလာမှုအဆင်ပြေစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲရေးအခြေအနေ၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရုရှား-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးသည်။



**ဆွေးနွေးပြောကြား**

ယင်းသို့ဆွေးနွေးရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်ဘဏ်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်ဆောင်ရွက်နေသည့် ပြည်တွင်းနှင့် ပြည်ပဘဏ်များ၏ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့တွင် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရုရှား-မြန်မာ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုပါကြောင်း၊ အဆိုပါကော်မတီတွင် နှစ်နိုင်ငံမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ဆောလျင်စွာ အကောင်အထည်ဖော်ရန် မျှော်လင့်ပါကြောင်း ဆွေးနွေးပြီး ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အဆိုပြုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရုရှား-မြန်မာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်မည့်ကိစ္စကို လက်ခံပါကြောင်း၊ ကော်မတီဖွဲ့စည်းပြီးနောက် အသေးစိတ်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာနိုင်ငံများ၏ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေမူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေသည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် သက်ဆိုင်ရာဌာန အကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရုရှားနှင့်မြန်မာ နှစ်နိုင်ငံအကြား ရေ့ဆက်လက်ပူးပေါင်းမှုများ မြှင့်တင်ရေးကိစ္စများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ်(၉)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပိုမိုတိုးတက်လာခဲ့**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှားနှစ်နိုင်ငံအကြား အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်လည်ပတ်ခြင်း၊ သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပိုမိုတိုးတက်လာခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားနှင့် မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေး အပါအဝင် ရေ့ဆက်လက်ပူးပေါင်းမှုများ မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံပဋိညာဉ်စာတမ်းကို အလေးထားလိုက်နာပြီး ပဋိညာဉ်စာတမ်းပါ တာဝန်ရှိမှုများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၇**

(၁၁)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (ALAWMM)ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**လက်တွဲဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်စာတမ်းကို အလေးထားလိုက်နာပြီး ပဋိညာဉ်စာတမ်းပါ တာဝန်ရှိမှုများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအသိုက်အဝန်း တည်ဆောက်ခြင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းများကို အောင်မြင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ALAWMM ၏ ဆောင်ရွက်မှုများတွင် တက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်ကြောင်း၊ (၁၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများအစည်းအဝေး (ASLOM) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း(မူကြမ်း)များအပေါ် စိစစ်ခြင်းနှင့် ဥပဒေအကြံပေးခြင်းတို့ကို ဆောင်ရွက်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ အကြံပြုချက် ရရှိပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာန (သို့မဟုတ်) အဖွဲ့အစည်းသည် မူကြမ်းများကို အစိုးရအဖွဲ့ အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်သွင်းဆွေးနွေးရကြောင်း။

**ပြောကြား**

ထိုသို့တင်ပြ အတည်ပြုချက်ရယူပြီးနောက် အစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီသည် မူကြမ်းအား ဥပဒေအဖြစ် ထုတ်ပြန်ကြေညာကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှု "Providing Legal Service for Justice" (2020–2024) မဟာဗျူဟာစီမံကိန်းကို ရည်မှန်းချက်ပန်းတိုင် ငါးရပ်ဖြင့်လည်းကောင်း၊ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပေးလျက်ရှိကြောင်း၊ ဥပဒေရေးရာ သတင်းအချက်အလက်များကို လွယ်ကူစွာ ရရှိနိုင်ရန်အတွက် Myanmar Law Information System (MLIS) website ကို တည်ထောင်ထားကြောင်း၊ အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)ကို ၂၀၂၂ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် တက္ကသိုလ်ဥပဒေပညာဌာနများမှ ပါမောက္ခများ ပါဝင်ကြောင်း ပြောကြားသည်။

**ဆွေးနွေးခြင်းများ ပြုလုပ်**

(၁၁) ကြိမ်မြောက် ALAWMM တွင် ASEAN Community Vision 2025 အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများ (ASLOM)၏ တရားခံ လွှဲပြောင်းရေး သဘောတူစာချုပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ToR(Term of Reference) ရေးဆွဲမှုနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့မှု၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်ကို အာဆီယံသဘောတူစာချုပ်အဖြစ် သတ်မှတ်၍ အာဆီယံပဋိညာဉ်စာချုပ် နောက်ဆက်တွဲ (၁) တွင် ထည့်သွင်းနိုင်မှုများကို အသိအမှတ်ပြုခြင်း၊ (၁၁) ကြိမ်မြောက် ALAWMM လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ (၁၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM) အစီရင်ခံစာကို အတည်ပြုခြင်း၊ (၁၁) ကြိမ်မြောက် ALAWMM ၏ Joint Communique ကို အတည်ပြုခြင်း၊ ASLOM ကို တစ်နှစ်လျှင် တစ်ကြိမ်နှင့် ALAWMM ကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရန် အဆိုပြုမှုအပေါ် ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် (၂၂) ကြိမ်မြောက် အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများ အစည်းအဝေး(ASLOM) နှင့် (၁၂) ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများအစည်းအဝေး (ALAWMM) ကို မြန်မာနိုင်ငံက အလှည့်ကျ ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# အခြေခံပညာအထက်တန်းကျောင်းများရှိ ဘောလုံးကွင်းများနှင့် မိုးလုံ လေလုံအားကစားခန်းမကြီး အဆင့်မြှင့်တင်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းနှင့် ပွဲကြည့်စင် ပြုပြင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူနှင့် ကျောင်းအုပ်ကြီးတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အရည်အသွေး ကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြေးလမ်း၊ ပွဲကြည့်စင်များ ခိုင်ခန့်ကောင်းမွန်ရန်လိုကြောင်း၊ ကျောင်းအတွင်းရှိ အရည်အသွေးမီ အားကစားကွင်းကို အသုံးပြု၍ အနာဂတ်သားကောင်းရတနာများဖြစ်သည့် ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းရေးသည် အရေးကြီးကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အဆင်သင့် ပြင်ဆင်ထားရှိကြရမည်ဖြစ်ကြောင်း၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာရေး၊ ကျောင်းဆောင်၊ စာသင်ခန်းများအပြင် မုန့်စားတန်းအဆောင်များ သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ထားရန်လိုကြောင်း၊ သိပ္ပံခန်းနှင့် သင်ထောက်ကူပစ္စည်းများကို ကျောင်းများအားလုံး တစ်ပြေးညီ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေနှုန်းမြင့်မားရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေး တိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိုးလုံလေလုံ အားကစားခန်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ကျောင်းအတွင်း ပြင်ဆင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းဘောလုံးကွင်းများ၊ ပွဲကြည့်စင်များ၊ ပြေးလမ်းများ ပြုပြင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအတွင်း အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပင်းတယ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြင်းမူကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အာလူးစိုက်တောင်သူ ဦးမျိုးဝင်းက " ယခုလိုနိုင်ငံတော်မှ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် စားဝတ်နေရေးအဆင်ပြေစေဖို့ အရင်းမပျောက်မတည်ငွေကို တစ်ဖက်တစ်လှမ်းက ချေးငွေထုတ်ပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ဝမ်းသာရပါတယ်။ အရင်ဆိုရင် ကျွန်တော်က အာလူးတစ်ဧကကို မျိုးဥအချိန် ၁၀၀ ဝယ်ပြီး စိုက်ပါတယ်။ မိုးကောင်းပြီး ပိုးမဖျက်၊ နေမလောင်ရင် အာလူးအချိန် ၁၀၀၀ ခန့် ထွက်ပါတယ်။ အခုဆိုရင် နိုင်ငံတော်က မြစိမ်းရောင်ချေးငွေချပေးတဲ့အတွက် အာလူးမျိုးဥ အချိန် ၅၀၀ ခန့် ဝယ်ပြီး စိုက်ပါမယ်။ ကျွန်တော့်မိသားစုအတွက် အထောက်အကူများစွာရရှိပြီး အပိုဝင်ငွေတွေရရှိလာမှာဖြစ်တဲ့အတွက် မြစိမ်းရောင်စီမံကိန်းချေးငွေချေးပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

မြစိမ်းရောင်စီမံကိန်းကို ပဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် အသင်းသားအသင်းသူဦးရေ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး (ပင်းတယ)**

## သွင်းအားစု ဓာတ်မြေသြဇာဈေးနှုန်းနှင့် ကိုင်တွယ်စရိတ်၊ ကုန်သွယ်မှုစရိတ်ကြီးမြင့်လာခြင်းသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်

# ကုန်သွယ်မှုလမ်းကြောင်းများ ချောမွေ့ပွင့်လင်းစေရေးအတွက် အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တက်တက်ကြွကြွ ပါဝင်သွားမည်

**နေပြည်တော်　အောက်တိုဘာ ၂၇**

(၄၃)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတို့ကို ယနေ့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး တက်ရောက်ဆွေးနွေးသည်။




### တက်တက်ကြွကြွ ပါဝင်သွားမည်

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း သွင်းအားစု ဓာတ်မြေသြဇာဈေးနှုန်းနှင့် ကိုင်တွယ်စရိတ်၊ ကုန်သွယ်မှုစရိတ် ကြီးမြင့်လာခြင်းသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ကုန်သွယ်မှုလမ်းကြောင်းများ ချောမွေ့ပွင့်လင်းစေရေးအတွက် အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တက်တက်ကြွကြွ ပါဝင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

(၄၃)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးများအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံက တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံကိုယ်စားပြု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

(၄၃)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ ဘက်စုံထူထောင်ရေးဆိုင်ရာ မူဘောင်၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများ ပြန်လည်ထူထောင်လာစေရေးနှင့် ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများနှင့် အတွေ့အကြုံများကို ဖလှယ်ခြင်း၊ အာဆီယံနိုင်ငံများရှိ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒ မူဘောင်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို တင်ပြဆွေးနွေးခြင်း၊ ၂၀၂၁ ခုနှစ်တွင် အဓိကရေးဆွဲပြီးစီးခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက် (၉)ခုနှင့် ၂၀၂၂ ခုနှစ်တွင် အကောင်အထည်ဖော်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်(၂၇)ခုတို့ကို ဝန်ကြီးများ၏ အတည်ပြုချက်ရယူခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် သြစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ အိန္ဒိယ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်း၊ အာရှဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အကောင်အထည်ဖော်နိုင်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ကြသည်။

ယင်းနောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ (၄၃) ကြိမ်မြောက် အစည်းအဝေးက ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

(၂၁)ကြိမ်မြောက် ကျင်းပသည့် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများအား ပြန်လည်ထူထောင်လာစေရေးနှင့် ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဆောင်ရွက်ခဲ့သည့် နည်းလမ်းများနှင့် အတွေ့အကြုံများအား ဖလှယ်ခြင်း၊ အကြိုညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များဖြစ်သည့် အာဆီယံ အပေါင်းသုံးနိုင်ငံများတွင် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (၂၀၁၆-၂၀၂၅)၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအတွက် စီးပွားရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ပြီးနောက်ပိုင်းကာလတွင် အာဆီယံနိုင်ငံများရှိ စားသောက်ကုန်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များ တန်ဖိုးမြင့်မားစေရေးအတွက် စားသောက်ကုန်တန်ဖိုးကွင်းဆက်များနှင့် အအေးခန်းကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်စေရေးတွင် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုခြင်းဆိုင်ရာ သုတေသနစီမံကိန်းမှ ထွက်ပေါ်လာသည့် ရလဒ်များကို တင်ပြဆွေးနွေးခဲ့မှုအပေါ် ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ကြသည်။

ထို့နောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၏ (၂၁)ကြိမ်မြောက် အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။ ၂၀၂၂ ခုနှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၏ (၄၄)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ (၂၂)ကြိမ်မြောက် အစည်းအဝေးကျင်းပမည့် အချိန်နှင့် နေရာတို့ကို ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး

**နေပြည်တော်　အောက်တိုဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ( ဌ ) တွင် ပြဋ္ဌာန်းထားသော “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း” ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင် ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန တို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ကချင်ပြည်နယ်အခြေစိုက် ဖြစ်ကြသော လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) [Lisu National Development Party ( L.N.P.D )] နှင့် ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] တို့ကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်အခြေစိုက်ဖြစ်သော ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party(AFP)] ကို




ရခိုင်အမျိုးသားပါတီအား သွားရောက်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်ဦး ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်အခြေစိုက် ဖြစ်သော ရခိုင်အမျိုးသားပါတီကို အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ လည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်မှ တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ ဆန်များတင်ပို့

**နေပြည်တော်　အောက်တိုဘာ ၂၇**

သမဝါယမကဏ္ဍမှ အသင်းသားပြည်သူများ စားသောက်ကုန်ပစ္စည်းများကို သက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း ကုန်စည်များ ဖလှယ်၍ သယ်ယူပို့ဆောင်ကာ အိမ်တိုင်ရာရောက်စနစ်ဖြင့် ရောင်းချနိုင်ရေးအတွက် အောက်တိုဘာ ၁၈ ရက်က မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်မှ တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ ဇီယာဆန်အိတ် ၂၅၀၊ ပေါ်ဆန်းမွှေးဆန်အိတ် ၁၉၀ စုစုပေါင်း ဆန်အိတ် ၄၄၀ ကို မွန်ပြည်နယ် မုဒုံမြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကလျာဏမိတ္တဖြစ်ကြစေချင်

စိုးနိုင်ထွန်း (စာပေဗိမာန်)

**လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့**
**မမှီဝဲနဲ့ ကင်းအောင်နေ**
**ပညာရှိကို အရှည်တွဲလို့**
**မှီဝဲဆည်းကပ် နည်းယူစေ**
**သုံးပါးရတနာ မိဘများနဲ့**
**ဆရာသမားကို ပူဇော်လေ။**
**ချမ်းသာကိုပေး ဆက်ဆံရေး**
**မြော်တွေးသုံးချက်ပေ။**
**အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။**

ကျွန်တော်တို့ငယ်စဉ်အခါက နွေရာသီ ကျောင်းပိတ်ရက်များတွင် ရွာဦးဘုန်းတော်ကြီး ကျောင်းက အထက်ပါ ၃၈ ဖြာမင်္ဂလာကဗျာများ မှအစ ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါး၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားပို့ချ ပြသပေးခဲ့ကြ၏။ ယခုခေတ်ကာလတွင် ယင်းကဲ့သို့ သင်ကြားပေးသည်များ ရှားပါးသွားကြပြီ။ ယဉ်ကျေးလိမ္မာသင်တန်း၊ ဓမ္မစကူးလ်သင်တန်းများကိုတော့ ယနေ့ခေတ်တွင် တွေ့လာရသည်တော့ရှိ၏။ ဘုန်းတော်ကြီးတို့ အနေဖြင့်လည်း ကျောင်းသို့ရောက်ရှိလာသော ကိုရင်တစ်ပါးမှအစ ကျောင်းသားတစ်ယောက် တလေကို စာသင်စာချပြုလုပ်ပေးမည်ဆိုပါက ဝေယျာဝစ္စလုပ်ပေးမည့်သူပင်မရှိဘဲ ဖြစ်မည်စိုးရိမ်သောကြောင့် စာသင်စာချ ရဲရဲမလုပ်ဝံ့ကြဟန်တူ၏။ ကလေးငယ်တို့အနေဖြင့်လည်း ဘုန်းကြီးကျောင်းသို့ လာရောက်သင်ယူကြဖို့နေနေသာသာ ကျောပိုးအိတ်ကြီးအပြည့်ဖြင့် သင်တန်းအစုံ တက်နေကြရသည်မှာအမောပင်။ ယခုကဲ့သို့သောကာလမျိုးတွင်ပင် အိမ်မှ Online Learning ဖြင့် ကလေးတို့မှာ သင်ယူနေကြရ၏။ ဤသို့ ကြိုးစားကြသည်မှာ တစ်ဖက်တွင်ကောင်းသော်လည်း အခြားတစ်ဖက်တွင် ဘာသာရေးအဆုံးအမများ အားနည်းလာသည်ဟု ထင်၏။ ထိုအခါ အမည်ခံမိရိုးဖလာကိုးကွယ်ယုံကြည်မှုတို့ မဖြစ်စေရန် မိဘတို့မှာ တာဝန်ဝတ္တရားရှိလာသည်။

### တူညီသောအကျိုးကိုပေး

အထက်ပါ မင်္ဂလာကဗျာသည် ပရိတ်ကြီး ၁၁ သုတ်မှ မင်္ဂလသုတ်တော်၏ "အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဥ္စသေဝနာ" ပါဠိစာပိုဒ်ကို ရွတ်ဆို၍ ကောင်းအောင် မြန်မာမှုပြု ကဗျာဖွဲ့ဆိုထားခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏တရားတော်အဆုံးအမများသည် ရန်သူမိတ်ဆွေမဟူ တူညီသောအကျိုးကိုပေး၏။ ရေကို ရန်သူသောက်သည်ဖြစ်စေ၊ မိတ်ဆွေသောက်သည်ဖြစ်စေ တူညီသောအေးမြခြင်းကိုကားပေးမည်သာဖြစ်၏။ ထို့အတူ ဗုဒ္ဓဘာသာဝင်ဖြစ်စေ၊ အခြားဘာသာဝင်ဖြစ်စေ ဗုဒ္ဓ၏အဆုံးအမအတိုင်း ကျင့်ကြံသွားမည်ဆိုပါက ယင်းသို့ ကျင့်ကြံသူအား ကောင်းကျိုးချမ်းသာများ ပေးမည်သာဖြစ်သည်။

အင်္ဂလိပ်စကားတွင် "do and don't" ဟု ရှိ၏။ ဆောင်ရန်နှင့် ရှောင်ရန်ဖြစ်သည်။ အထက်ပါ ကဗျာတွင်လည်း မြတ်စွာဘုရားရှင်သည် ရှောင်ရန်ကိုစ္စ တစ်နည်းအားဖြင့် ဝါရိတ္တသီလကိုဦးစွာ ဟော၏။ ထို့နောက်မှ ဆောင်ရကျင့်ရမည့် စာရိတ္တသီလကို ဟောခြင်းဖြစ်သည်။ လူမိုက်ကိုမပေါင်းသင်းဘဲ ဝေးစွာရှောင်ကြဉ်ခြင်းကို ပထမဦးစွာ ပြုလုပ်ရမည်။ ယင်းသို့ ပြုလုပ်ပြီးမှ ပညာရှိထံ နည်းခံ၍ မှီဝဲဆည်းကပ်ခြင်းကို ဆောင်ရွက်ရမည် ဖြစ်၏။ ယင်းနောက် ကျေးဇူးရှင်များဖြစ်ပြီး ပူဇော်သင့် ပူဇော်ထိုက်သူများဖြစ်သည့် ရတနာသုံးပါးနှင့် ဆရာသမားတည်းဟူသော အနန္တော အနန္တငါးပါးကို ပူဇော်ရမည်ဟု ဟောကြားထားသည်။

### လူမိုက်များကို ဖယ်ခွာရှောင်ကြဉ်

လူမိုက်ဆိုသည့်အထဲတွင် ဆဲဆိုကြမ်းရမ်းမိုက်မဲ လုယက်သတ်ဖြတ်နေသောသူများကိုသာ ဆိုသည်မဟုတ်အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသူ၊ ရှေ့လာမည့် အကျိုးဆက်ကို မမြင်တတ်သူ၊ အသိဉာဏ်နည်းသူများလည်း လူမိုက်စာရင်းတွင် ပါဝင်သည်သာဖြစ်၏။ အသိဉာဏ် ဆင်ခြင်တုံတရားနည်းပါးမှုနှင့်ပတ်သက်ပြီး ပုံပြင်တစ်ပုဒ်ကြားဖူးသည်။ ယင်းပုံပြင်ထဲတွင် သားအမိနှစ်ယောက်ရှိရာ မိခင်က အလုပ်ဖြင့် လက်မအားသောကြောင့် နဖူးတွင်ကိုက်နေသော မှက်ကောင်အား သမီးဖြစ်သူအားခြောက်ခိုင်းရာ သမီးဖြစ်သူသည် မိခင်ကိုချစ်သောစိတ်ဖြင့် မှက်ကောင်အပေါ်ဒေါသပိုကာ နီးရာခဲကိုယူ၍ မိခင်၏ နဖူးပေါ်မှ မှက်ကောင်အား အားကုန်ရှိသရွေ့ ထုချလိုက်သဖြင့် မိခင်မှာ ထိုနေရာတွင်ပင် နဖူးကွဲ၍ သေပွဲဝင်ခဲ့ရ၏။ ယင်းပုံပြင်တွင် သမီးပင်ဖြစ်လင့်ကစား အသိဉာဏ်ကင်းမဲ့လျှင် ရန်သူကဲ့သို့ ကြောက်စရာကောင်းကြောင်း တင်ပြထားခြင်းဖြစ်၏။ ထို့ကြောင့် ယင်းကဲ့သို့ လူမိုက်များကို ဖယ်ခွာရှောင်ကြဉ်ပြီး ပညာရှိမိတ်ကောင်းဆွေကောင်းကို မှီဝဲဆည်းကပ်ရမည်ဖြစ်သည်။

**မိမိကိုယ်တိုင်ကသာ မိတ်ကောင်းဆွေကောင်းနှင့် တွေ့လိုပေါင်းသင်းလိုသော်လည်း ကိုယ်ကိုယ်တိုင်က မိတ်ကောင်းဆွေကောင်းအကျင့်ကို မကျင့်လျှင် မိတ်ကောင်းဆွေကောင်း ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူတိုင်းလူတိုင်းသည်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ အချင်းချင်းသည်လည်းကောင်း၊ အသိုက်အဝန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုချင်းသည်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ အချင်းချင်းသည်လည်းကောင်း မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တအကျင့်ကိုကျင့်ကြံပြီး ဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာလောကကြီးကို သာယာငြိမ်းချမ်းပြီး နေချင့်စဖွယ်လောကကြီးအဖြစ် ဖန်တီးနိုင်မည်**

မိတ်ကောင်းဆွေကောင်းဟူသည် (၁) ဥဋ္ဌာနသမ္ပဒါ-ထကြွလုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ (၂) အာရက္ခသမ္ပဒါ-လုံ့လဝီရိယကြောင့်ရရှိသော ဥစ္စာပစ္စည်းတို့ကို မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၃) ကလျာဏမိတ္တသမ္ပဒါ- မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ခြင်း၊ (၄) သမဇီဝိတသမ္ပဒါ- ဥစ္စာအင်အားနှင့်တိုင်းတာ၍ညီမျှစွာအသက်မွေးခြင်းဟူသည့် သမ္ပဒါတရားလေးပါးတွင် ပါဝင်သည်။ မိတ်ကောင်းဆွေကောင်းနှင့်ပတ်သက်ပြီး အရှင်အာနန္ဒာက မြတ်စွာဘုရားကို "လောကမှာအမျိုးကောင်းသားသမီးတွေ ကောင်းကျိုးချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံဖို့အရေးမှာ မိတ်ကောင်းဆွေကောင်း(အပေါင်းအသင်း ဆရာသမား) တို့ဟာ ထက်ဝက် (၅၀ ရာခိုင်နှုန်း) လောက်အရေးကြီးတယ်လို့ ထင်ပါတယ်" ဆိုပြီး လျှောက်တဲ့အခါ မြတ်စွာဘုရားရှင်က "အာနန္ဒာ ဒီလိုမပြောနဲ့....၊ အာနန္ဒာ ဒီလိုမပြောနဲ့" လို့ နှစ်ခွန်းဆင့်ပြီး တားမြစ်ပြီးတော့မှ "လောကမှာ ကောင်းကျိုးချမ်းသာနဲ့ ပြည့်စုံဖို့အတွက် ကလျာဏမိတ္တဟာ ရာနှုန်းပြည့် အရေးကြီးပါတယ်၊ အခုသင်တို့ တစ်တွေဟာ အတိတ်ကဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေဘယ်လောက်ပဲပြည့်နေနေ သဗ္ဗညုမြတ်စွာဘုရားဆိုတဲ့ အမှီကောင်း ကလျာဏမိတ္တကိုမရတဲ့အတွက် မဂ်ဖိုလ်ရကြောင်းတရားကို မနာယူမသိရှိရလျှင် အဘယ်သူသည် မဂ်ဖိုလ်ကိုရနိုင်မလဲ" လို့ မိန့်တော်မူခဲ့ဖူးပါ၏။

### မိတ်ကောင်းဆွေကောင်း

ကျွန်ုပ်တို့ငယ်စဉ်က သင်ကြားခဲ့ရသော ကျေးညီနောင်ဇာတ်တော်ထဲက ကျေးသားနှစ်ကောင်မှာလည်း ရသေ့တို့၏ကျောင်းသခ်မ်းသို့ရောက်ရှိသွားသော ကျေးသားငယ်သည် ရသေ့တို့၏ဆုံးမသွန်သင်မှုကိုရပြီး သူတော်ကောင်းကျေးသားငယ်ဖြစ်သွားသော်လည်း ခိုးသူတို့ထံရောက်ပြီး ခိုးသူတို့၏ သင်ကြားမှုကိုသာ ရရှိသွားသည့် ကျေးသားငယ်သည် ယုတ်မာသောကျေးသားငယ် ဖြစ်သွားခြင်းသည် မိတ်ကောင်းဆွေကောင်းနှင့် ပတ်ဝန်းကျင်၏ အရေးကြီးပုံကို သတိထားစရာဖြစ်သည်။

ထို့ပြင် မိတ်ကောင်းဆွေကောင်းနှင့်ပတ်သက်ပြီး ဆရာနန္ဒာသိန်းဇံက ဆိုထားသည်မှာ -

မိတ်ကောင်းဆွေကောင်းဆိုတာ မိမိကို အင်မတန်ပေးနိုင်ခဲတဲ့ အရာကိုပေးတတ်တယ်။ အင်မတန်ပြုနိုင်ခဲတဲ့ အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်တယ်။

မိမိက သတိလွတ်လို့ပဲဖြစ်ဖြစ်၊ တခြားအခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်ဖြစ် မကောင်းသဖြင့် ပြောဆိုမိတဲ့စကား၊ ပြုမိတဲ့အပြုအမူမျိုးရှိလာရင်လည်း သည်းခံတတ်တယ်။

မိမိကလျှို့ဝှက်ထားစေချင်တဲ့၊ မပေါက်ကြားစေလိုတဲ့ စကားကိုပြောတဲ့အခါမှာလည်း အဲဒီစကားကို မပေါက်ကြားအောင်၊ လုံခြုံအောင်လျှို့ဝှက်ပေးတတ်တယ်။

ဘေးအန္တရာယ်တွေနဲ့ ကြုံလာတဲ့အခါမှာလည်း မိမိကို စွန့်ပစ်ကျောခိုင်းမသွားဘူး။ မချန်ပစ်ခဲ့ဘူး။

အကြောင်းမသင့်လို့ မိမိမှာ ပစ္စည်းဥစ္စာဆင်းရဲသွားတဲ့အခါမျိုး၊ အဆင့်အတန်းလျော့ဆင်းနိမ့်ကျသွားတဲ့အခါမျိုးမှာလည်း မိမိကိုမထီမဲ့မြင်မပြုဘူး။ အထင်သေးတဲ့အပြောမျိုး၊ အထင်သေးတဲ့အကြည့်မျိုးနဲ့ မကြည့်တတ်ဘူး။

မိမိချမ်းသာရင်၊ အောင်မြင်ရင်၊ ကျော်ကြားရင်လည်း မနာလို မရှုဆိတ်မဖြစ်ဘူး။ မိမိနဲ့ထပ်တူပဲ ဝမ်းသာနေတတ်တယ်။

မိမိရဲ့ ဂုဏ်သတင်းညှိုးမှိန်စေတဲ့ မဟုတ်မတရားစကားမျိုးကို တစ်ပါးသူကပြောလာရင်လည်း "ဒီလို မဟုတ်ပါဘူး၊ ဒီလိုမပြောသင့်ပါဘူး" လို့ တားတတ်တယ်။

တစ်ဦးနဲ့တစ်ဦးဝေးနေလို့ အစားကောင်းစားရရင် မိမိကိုကျွေးချင်မွေးချင်စိတ်တွေနဲ့ အမှတ်ရနေတတ်တယ်။

သဒ္ဓါတရား၊ စင်ကြယ်တဲ့သီလ၊ အကြားအမြင် ဗဟုသုတ၊ ပညာနဲ့လည်းပြည့်စုံတယ်ဟု မှတ်သားရပါသည်။

### မိတ်ကောင်းဆွေကောင်းရှားပါး

မိတ်ကောင်း ဆွေကောင်းတစ်ယောက်၏ အရည်အချင်းများမှာ များပြားသော်လည်း ကျင့်ကြံမည်ဆိုရင် သိပ်တော့ခက်ခဲလှသည်တော့ မဟုတ်ပေ။ သို့သော် မိတ်ကောင်းဆွေကောင်းတစ်ယောက် ရရှိဖို့အတွက်တော့ အင်မတန်ခက်ခဲမည်။ ရှားပါးမည်ဖြစ်၏။ တစ်ခါက လူတစ်ဦးသည် ပညာရှိကြီး ဆိုကရေးတီး၏အိမ်ကို "ငယ်လှကျဉ်းလှချည်လား" ဟု ခနဲ့တဲ့လေသံနဲ့မေးသည့်အခါ ပညာရှိကြီး ဆိုကရေးတီးက "ကျုပ်အိမ်က မိတ်ကောင်းဆွေကောင်းတွေ လာရင်တော့ နေလောက်ပါတယ်" ဟု ပြောလိုက်ပုံကိုကြည့်ခြင်းအားဖြင့် လောကတွင် မိတ်ကောင်းဆွေကောင်း ရှားပါးမှုကို ပိုမိုပေါ်လွင်စေမည်ဖြစ်သည်။

နောက်အရေးကြီးသည်မှာ မိမိကိုယ်တိုင်ကသာ မိတ်ကောင်းဆွေကောင်းနှင့် တွေ့လိုပေါင်းသင်းလိုသော်လည်း ကိုယ်ကိုယ်တိုင်က မိတ်ကောင်းဆွေကောင်းအကျင့်ကို မကျင့်လျှင် မိတ်ကောင်းဆွေကောင်း ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူတိုင်းလူတိုင်းသည်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ အချင်းချင်းသည်လည်းကောင်း၊ အသိုက်အဝန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုချင်းသည်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ အချင်းချင်းသည်လည်းကောင်း မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တအကျင့်ကို ကျင့်ကြံပြီး ဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာလောကကြီးကို သာယာငြိမ်းချမ်းပြီး နေချင့်စဖွယ်လောကကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်တော့သည်။ ။

**"သူတော်ကောင်းတရားကျင့်ရန် မိတ်ကောင်းဆွေကောင်းကို ရှာသောသူသည် မိမိထက် သီလ၊ သမာဓိ၊ ပညာသာလွန်သောသူကိုလည်းကောင်း၊ မိမိနှင့်ဂုဏ်ရည်တူဖြစ်သောသူကိုလည်းကောင်း မရနိုင်ခဲ့မူ တစ်ယောက်တည်းသာ ကောင်းစွာကျင့်ရာ၏။"**

**ဓမ္မပဒ**

ကိုးကား
- နန္ဒာသိန်းဇံ၏ "မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း"။
- ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)၏ "လူတိုင်းအတွက်ပဋ္ဌာန်း"

# တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်အား မိမိနေအိမ်တွင် နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်အမှတ်၊ ၄၆၅/၂၀၂၁

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် COVID–19 ရောဂါကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော(၁၄)ရက်အတွင်း COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြု လူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော(၁၄)ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ နေထိုင်သော ပြည်သူများအနေဖြင့် ၂၈–၁၀–၂၀၂၁ ရက်၊ နံနက်(၄)နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်–

- **(က) ချင်းပြည်နယ်**
  - (၁) တွန်းဇံမြို့နယ်။
- **(ခ) စစ်ကိုင်းတိုင်းဒေသကြီး**
  - (၁) ဟုမ္မလင်းမြို့နယ်။
- **(ဂ) ပဲခူးတိုင်းဒေသကြီး**
  - (၁) တောင်ငူမြို့နယ်၊
  - (၂) ကျောက်တံခါးမြို့နယ်၊
  - (၃) ညောင်လေးပင်မြို့နယ်၊
  - (၄) ဝေါမြို့နယ်၊
  - (၅) မင်းလှမြို့နယ်၊
  - (၆) လက်ပံတန်းမြို့နယ်၊
  - (၇) သာယာဝတီမြို့နယ်၊
  - (၈) အုတ်ဖိုမြို့နယ်။
- **(ဃ) မကွေးတိုင်းဒေသကြီး**
  - (၁) ပွင့်ဖြူမြို့နယ်။
- **(င) မန္တလေးတိုင်းဒေသကြီး**
  - (၁) ချမ်းမြသာစည်မြို့နယ်၊
  - (၂) ချမ်းအေးသာစံမြို့နယ်၊
  - (၃) ပြည်ကြီးတံခွန်မြို့နယ်၊
  - (၄) မဟာအောင်မြေမြို့နယ်၊
  - (၅) အောင်မြေသာစံမြို့နယ်၊
  - (၆) ပုသိမ်ကြီးမြို့နယ်၊
  - (၇) အမရပူရမြို့နယ်၊
  - (၈) မြင်းခြံမြို့နယ်၊
  - (၉) ပျော်ဘွယ်မြို့နယ်၊
  - (၁၀) ရမည်းသင်းမြို့နယ်။
- **(စ) မွန်ပြည်နယ်**
  - (၁) သထုံမြို့နယ်။
- **(ဆ) ရန်ကုန်တိုင်းဒေသကြီး**
  - (၁) တိုက်ကြီးမြို့နယ်၊
  - (၂) မင်္ဂလာဒုံမြို့နယ်၊
  - (၃) ရွှေပြည်သာမြို့နယ်၊
  - (၄) လှိုင်သာယာမြို့နယ်၊
  - (၅) အင်းစိန်မြို့နယ်၊
  - (၆) တာမွေမြို့နယ်၊
  - (၇) တောင်ဥက္ကလာပမြို့နယ်၊
  - (၈) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
  - (၉) မင်္ဂလာတောင်ညွန့်မြို့နယ်၊
  - (၁၀) မြောက်ဥက္ကလာပမြို့နယ်၊
  - (၁၁) ရန်ကင်းမြို့နယ်၊
  - (၁၂) သာကေတမြို့နယ်၊
  - (၁၃) သဃ်္ဃန်းကျွန်းမြို့နယ်၊
  - (၁၄) ခရမ်းမြို့နယ်၊
  - (၁၅) ကမာရွတ်မြို့နယ်၊
  - (၁၆) ကြည့်မြင်တိုင်မြို့နယ်၊
  - (၁၇) စမ်းချောင်းမြို့နယ်၊
  - (၁၈) ဗဟန်းမြို့နယ်၊
  - (၁၉) မရမ်းကုန်းမြို့နယ်၊
  - (၂၀) လှိုင်မြို့နယ်။
- **(ဇ) ဧရာဝတီတိုင်းဒေသကြီး**
  - (၁) ဘိုကလေးမြို့နယ်၊
  - (၂) ဟင်္သာတမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## မင်းလှမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မင်းလှ အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်းလှမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီကပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးတင်ကိုလတ်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ရခြင်းအကြောင်းကို ပြောကြား၍ ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထန်းပင်ကုန်းကျေးရွာအုပ်စုမှ ၁၃၇ ခု၊ အင်းဘုတ်ကုန်းကျေးရွာအုပ်စုမှ ၅၅ ခု၊ လှည်းပြင်တင်ကျေးရွာအုပ်စု မှ ၆၁ ခု၊ စစ်ကွင်းမြို့မှ ၉၉ ခု၊ သဲကောကျေးရွာအုပ်စုမှ ၁၂၃ ခုနှင့် စမ်းဘုတ်ကျေးရွာအုပ်စုမှ အိမ်ထောင်စုလူဦးရေစာရင်း ၄၅ ခုတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လဝက ဦးစီးမှူးတို့က ကျေးရွာသူ ကျေးရွာသားများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။



**ပေါက်စ (မင်းလှ)**

## စလင်းမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်

**ပွင့်ဖြူ အောက်တိုဘာ ၂၇**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ အခြေခံငါးမွေးမြူရေးဆိုင်ရာနည်းပညာများ ရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မင်းဘူးခရိုင် စလင်းမြို့နယ် ငွေတောင်ကျေးရွာ၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်တာဝန်ခံ/ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒု–ဦးစီးမှူး ဦးသက်အောင်တို့က သင်တန်းပို့ချဆောင်ရွက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ဧရာဝတီတိုင်းဒေသကြီး အတွင်း လက်နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံရယူစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ တပ်မတော်(ရေ)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Vladimir KASATONOV ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

ရုရှားချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၅ ရက်တွင် နေပြည်တော်သို့ ရောက်ရှိပြီး အောက်တိုဘာ ၂၅ ရက်၊ ၂၆ ရက်နှင့် ယနေ့တို့တွင် စစ်ဦးစီးအရာရှိချုပ် (ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးကြသည်။



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မည့် ရေကြောင်းဆိုင်ရာလုံခြုံရေးကိစ္စရပ်များ၊ နည်းပညာဖလှယ်ရေးကိစ္စရပ်များ၊ ရေတပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအားထောက်ခံပွဲကိုယနေ့တွင်နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့နယ်နှင့် နမ့်စန်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့နှင့် မောင်တောမြို့တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့၌လည်းကောင်း ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်သောမြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG CRPH PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG CRPH PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပဖြည့်စွက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီအရေခြုံ ကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ်"စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲ ပြုလုပ်စဉ်။

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်း ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။


ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ဗိုလ်တထောင်မြို့နယ်၊ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်ရာတွင် ပါဝင်သူများအား ဖမ်းဆီးရရှိမှု အခြေပြဇယား




✪ ကျောဖုံးမှ

ဓားပြတိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်မှုများပြုလုပ်ခဲ့ရာ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ဓားပြတိုက်ရာတွင် အသုံးပြုသည့် FF/6532 Fielder (အဖြူရောင်) ယာဉ်မောင်းဖြစ်သူ **ဝင်းမော်ဦး** (၄၃)နှစ်အား ဒဂုံဆိပ်ကမ်းမြို့နယ် (၁၆)လမ်းထိပ်၌ ကားငှားရမ်းခရရှိငွေ နှစ်သိန်းကျပ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် ပုဇွန်တောင်မြို့နယ် (၉)ရပ်ကွက် အိမ်ကြီးလမ်းနေအိမ်၌ **ရဲနိုင်ဦး** (၂၉)နှစ်အား နေအိမ်ဧည့်ခန်း မျက်နှာကြက်အပေါ်တွင် သိမ်းဆည်းထားသော ငွေကျပ် ၁၆၀၃ သိန်းနှင့်လည်းကောင်း၊ လမ်းမတော်မြို့နယ် (၄)ရပ်ကွက်ရှိ Amico Del Myanmar Hotel ၌ **ဟန်ဝင်းထွဋ်** (၂၁) နှစ်အား ငွေကျပ် ၃၂၅၀၀၀ နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဟန်ဝင်းထွဋ် ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၄ ရက်တွင် ပုဇွန်တောင်မြို့နယ် တာဝတိံသာလမ်းရှိ Ocean Super Market ခေတ်လှေကားအပေါ်အဖုံးအတွင်း၌ ငွေကျပ်သိန်း ၄၀၀ ခန့်ကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၆)လမ်း၌ **ဒိုပေါက်(ခ) အောင်ဟိန်း** (၂၅)နှစ်ကို လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် (၅၇)လမ်းရှိ တရားခံ ဟန်ဝင်းထွဋ်၏ နေအိမ်မှ CZ 75 ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည်သုံးတောင့်နှင့် လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ “လှိုင်ထိပ်တင်” လက်ဖက်ရည်ဆိုင်၌ **သန်းနိုင်** (၄၃)နှစ်အား ငွေကျပ် ၈၈၀၀၀၀ နှင့် လည်းကောင်း၊ ညောင်တုန်းမြို့နယ် ကျုံတမာအုပ်စု ဖောင်ရိုးချောင်းကျေးရွာရှိ “ကေခိုင်ဦး” တည်းခိုခန်း၌ **အောင်ကိုလတ် (ခ) အရှည်ကြီး** (၂၆)နှစ်နှင့် **ကျော်ကျော်နိုင် (ခ)ဆံရှည်** (၂၆)နှစ်တို့ နှစ်ဦးအား ငွေကျပ် ၁၉၉၅၀၀၀ နှင့် လိုင်စင်မဲ့မော်တော် ဆိုင်ကယ် နှစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ရဲနိုင်ဦး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၄ ရက်တွင် ပုဇွန်တောင်မြို့နယ် (၉)ရပ်ကွက် အိမ်ကြီးလမ်းနေအိမ်၌ ၎င်း၏ မိခင်ဖြစ်သူ **တင်တင်မူ(ခ) အေးအေးမူ**ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ တင်တင်မူ(ခ)အေးအေးမူ၏ ထွက်ဆိုချက်အရ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံတိုင်လမ်း Delta Plaza အမှတ်(၀၀၄)နေအိမ်၌ ငွေကျပ်သိန်း ၄၄၀ နှင့် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ် (၁၁၈/ဒီ) ရှိ “မြောင်းမြဒေါ်ချို” မုန့်ဟင်းခါးဆိုင်၌ ငွေကျပ်သိန်း ၁၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဒိုပေါက်(ခ)အောင်ဟိန်း ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၅ ရက်တွင် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်း၌ **ဝဏ္ဏအောင်** (၁၈)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ဝဏ္ဏအောင်၏ ထွက်ဆိုချက်အရ ၎င်းနေထိုင်သည့် ဒေါပုံမြို့နယ် ယမုံနာ (၁)ရပ်ကွက် အောင်မေတ္တာကမ်းနားလမ်း အိမ်အမှတ် (၃၃၆)မှ လက်လုပ်ဗုံး နှစ်လုံးသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တရားခံ အောင်ကိုလတ် (ခ) အရှည်ကြီး နေထိုင်သည့် ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် ပန်းခြံ(၄) ရတနာသိင်္ဂါပတ်လမ်း အမှတ်(၁၇၅/ခ) ၌ ငွေကျပ် ၇၅ သိန်းနှင့် ကျော်ကျော်နိုင် နေထိုင်သည့် ရွှေပြည်သာမြို့နယ် (၉) ရပ်ကွက် မဟာမြိုင်လမ်း အမှတ်(၂၇၂/ခ) ၌ ငွေကျပ် ၃၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ ကျော်ကျော်နိုင်(ခ) ဆံရှည်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ် (၂၀) ရပ်ကွက် မကွေး ၆ လမ်း အိမ်အမှတ် (၈၂) ၌ **အာကာမင်း** (၂၃)နှစ်ကို ငွေကျပ် ၁၁ သိန်းနှင့် ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဟန်ဝင်းထွဋ်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂၇ ရက်တွင် လသာမြို့နယ် ၂၃ လမ်း၌ **နေဆန်း(ခ) နေသူရိန်ထက်** (၃၂)နှစ်ကို ငွေကျပ်သိန်း ၁၀၀ နှင့် လည်းကောင်း၊ **ကိုဖြိုး(ခ) အေးချမ်းဖြိုး** (၁၉)နှစ်အား ကော့မှူးမြို့နယ် “တို့လယ်တော” စားသောက်ဆိုင်၌ ငွေကျပ် ၁၆ သိန်းနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

လက်နက်/ခဲယမ်းရရှိမှုအနေဖြင့် တရားခံ **ဟန်ဝင်းထွဋ်**သည် အွန်လိုင်းမှ တစ်ဆင့် ရင်းနှီးသူ ဖမ်းဆီးရန်ကျန် **ရေခဲ**(STF အဖွဲ့ဝင်) အား ချိတ်ဆက်၍ အောက်တိုဘာ ၉ ရက်တွင် CZ-75 ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ၂၅ တောင့်တို့ကို ရွှေပြည်သာမြို့နယ်ရှိ အပြစ်မဲ့ပြည်သူ တစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် ငှားရမ်းခဲ့ကြောင်း သိရသည်။

ယင်းသေနတ်အား တရားခံ **ဒိုပေါက် (ခ)အောင်ဟိန်း**က သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလမ်း ကားဂိတ်မှတ်တိုင်၌ သွားရောက်ယူဆောင်၍ ၎င်း၏ နေအိမ်၌ သိမ်းဆည်းထားပြီး ဘဏ်ဓားပြတိုက်မည့်နေ့တွင် **ကျော်ကျော်နိုင်(ခ)ဆံရှည်**အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘဏ်ဓားပြတိုက်ရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အောက်တိုဘာ ၂၀ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၆)လမ်း ခုနစ်ထပ်တိုက် ဒုတိယထပ် ဝဲဘက်အခန်းတွင် လည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဒေါပုံမြို့နယ် ဗန္ဓုလလမ်းရှိ ပြင်ဆင်ဆဲ Ocean ကုန်တိုက် ၁၂ လွှာတွင် လည်းကောင်း တွေ့ဆုံခဲ့ပြီး သန်းနိုင်က တက္ကစီ ယာဉ်မောင်းအား ပြန်ပေးဆွဲထားရန်နှင့် **ဟန်ဝင်းထွဋ်**က ဘဏ်အတွင်း ဦးစွာဝင်ရောက်၍ အခြေအနေကြည့်ရန်၊ **ဒိုပေါက်(ခ)အောင်ဟိန်း**က ဝင်/ထွက် တံခါးအဖွင့်/အပိတ် ဆောင်ရွက်ရန်၊ **ကျော်ကျော်နိုင်(ခ)ဆံရှည်**က ဝန်ထမ်းများ၏ ဖုန်းသိမ်းဆည်းရန်၊ **အောင်ကိုလတ်(ခ) အရှည်ကြီး**က သေနတ်ဖြင့် ခြိမ်းခြောက်ရန်၊ **နေဆန်း(ခ)နေသူရိန်ထက်**က တက္ကစီယာဉ်အား မောင်းနှင်ပို့ဆောင်ရန်နှင့် **ရဲနိုင်ဦး**က ၃၈-လမ်းတွင် လာရောက်ကြိုရန်နှင့် လုံခြုံရေးအဖွဲ့ဝင်များအား အာရုံလွှဲရန် **ဝဏ္ဏအောင်**အား ပုဇွန်တောင်မြို့နယ်ရဲစခန်းနှင့် နီးသော မီးပွိုင့်နှစ်ခုအား ဖောက်ခွဲရန် စေခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများသည် အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ပြန်ပေးဆွဲထားသည့် တက္ကစီယာဉ်ဖြင့် Ocean ကုန်တိုက်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် ဗိုလ်တထောင်မြို့နယ် ၄၈ လမ်းရှိ ကမ္ဘောဇဘဏ်သို့ ရောက်ရှိခဲ့ပြီး ဟန်ဝင်းထွဋ်မှာ ဘဏ်အတွင်းသို့ ဝင်ရောက်ကာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်တွင် **အောင်ကိုလတ်(ခ)အရှည်ကြီး** ထံ ဖုန်းဖြင့် ဆက်သွယ်ခဲ့ကြောင်း။

စာမျက်နှာ ၁၁ သို့ ☆

ကမ္ဘောဇဘဏ် ဗိုလ်တထောင်ဘဏ်ခွဲအား ဓားပြမတိုက်မီ Ocean Center ၌ စတင်စုဝေးသည့် မှတ်တမ်းဓာတ်ပုံ




● ဒိုပေါက်(ခ)အောင်ဟိန်း
● ကျော်ကျော်နိုင်(ခ)ဆံရှည်
● သန်းနိုင်



ခတ်လှေကားမျက်နှာကြက်မှ ပြန်လည်သိမ်းဆည်းရမိသည့် သိန်း ၄၀၀ ငွေစက္ကူများ မှတ်တမ်းဓာတ်ပုံ

# အပယ်ခံလူသားမဖြစ်စေဖို့ ကူညီစောင့်ရှောက်စို့

**မေယု- မျိုးအောင် (MANA)**

**စိတ်နှင့်ပတ်သက်သည့် ဝေဒနာများကို ဆန်းစစ်ကြည့်ပါက အမျိုးသမီးများတွင် စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်းကြောင့် အဖြစ်များပြီး အမျိုးသားများမှာမူ မူးယစ်ဆေးစွဲခြင်း၊ လူမှုအသိုင်းအဝိုင်းနှင့် အဆင်မပြေခြင်းကြောင့် အဖြစ်များကြောင်း အမေရိကန်စိတ်ပညာအသင်းက ထုတ်ပြန်ထားသည်။ စိတ်ကျန်းမာရေးချို့တဲ့သူများအား လူမှုအသိုင်းအဝိုင်းမှ ခွဲခြားဆက်ဆံပစ်ပယ်ထားခြင်းထက် မိသားစုဝင်တစ်ဦးချင်းစီအနေဖြင့် ကြောက်ရွံ့ဟန့်တားမှုမရှိဘဲ မိသားစုဝင်ချင်းဖြစ်စေ၊ ပရဟိတအသင်းများ၏ စောင့်ရှောက်မှုများမှဖြစ်စေ၊ နိုင်ငံတော်မှဖြစ်စေ လူငယ်များ၏ စိတ်ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည့်စုံခိုင်မာသော စီမံချက်များရေးဆွဲကာ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများပါဝင်မှုသည် မရှိမဖြစ်အရေးကြီး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စိတ်ကျန်းမာရေးကို "လူသားတိုင်းသည် မိမိတို့၏ စွမ်းရည်ရှိသည့်အတိုင်း နေထိုင်သည့် အခြေအနေတွင် ဘဝ၏ စိတ်ပင်ပန်းမှုများကို ခံနိုင်ရည်ရှိပြီး ထုတ်လုပ်နိုင်စွမ်းရှိသောအလုပ်များကို လုပ်ကိုင်နိုင်ကာ မိမိတို့ ပတ်ဝန်းကျင်ကို ကူညီထောက်ပံ့မှုပြုနိုင်သည့် အခြေအနေ"ဟု ဖွင့်ဆိုထားသည်။ ယနေ့ကမ္ဘာကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးအန္တရာယ်စသည့် ကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းရှိ လူသားအများအပြားသည်လည်း စိတ်ပိုင်းဆိုင်ရာပြဿနာ တစ်ခုခုနှင့် ရင်ဆိုင်ရလေ့ရှိသည်။

**စိတ်ဖိစီးမှု၊ စိတ်ကျမှုများ ပိုမိုဖြစ်ပွား**

လူတစ်ဦးသည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းသော်လည်း စိတ်ကျန်းမာမှုမရှိပါက ထိုသူအား ကျန်းမာရေးနှင့် ပြည့်စုံသူတစ်ယောက်အဖြစ် သတ်မှတ်နိုင်မည်မဟုတ်ချေ။ ရောဂါဘယကင်းဝေးပြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာပြည့်စုံပါမှ ကျန်းမာသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ်ကပ်ရောဂါသည် လူသားများအကြား စိတ်ပိုင်းဆိုင်ရာအခြေအနေများအပါအဝင် အခြားသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ပြဿနာများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် အလုပ်လက်မဲ့ဖြစ်ပွားမှု များပြားလာခြင်း၊ ရောဂါပိုးကူးစက်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်မှုဖြစ်ခြင်း၊ လူနေမှုစရိတ် တိုးမြင့်လာခြင်းတို့ကြောင့် စိတ်ဖိစီးမှု၊ စိတ်ကျမှုများကို ပိုမိုဖြစ်ပွားစေသည်။

၁၉၉၂ ခုနှစ်မှစတင်ကာ စိတ်ကျန်းမာရေးဆိုင်ရာဝေဒနာများ ခံစားနေရသူများကို စောင့်ရှောက်မှုပေးအပ်ရန်၊ တာဝန်ရှိသူများအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်ကျန်းမာရေး ဗဟုသုတမြင့်မားလာစေရန် ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဦးဆောင်ဆော်ဩလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းဇယားများအရ ကမ္ဘာပေါ်ရှိ ဆယ်ကျော်သက်အရွယ်ငါးဦးတွင် တစ်ဦးသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာများ တွေ့ကြုံခံစားနေကြရသည်။ ဆယ် ကျော်သက်အရွယ်များတွင် စိတ်ပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပွားမှု ပိုများလာပြီး အထူးသဖြင့် စိတ်ရောဂါဖြစ်လာပါက သက်ဆိုင်ရာဆရာဝန်ဆီ သွားရောက်ကုသရန် စိုးရွံ့ပြီး လူသိမခံဝံ့ခြင်းမျိုး ရှိနေသည့်အတွက် စိတ်ရောဂါကုသရာတွင် အဓိကအခက်အခဲတစ်ခု ဖြစ်နေသည်။

WHO က ထုတ်ပြန်ထားသည့် အချက်အလက်များအရ စိတ်ကျရောဂါသည် ကမ္ဘာတစ်ဝန်းတွင် အဖြစ်များသောရောဂါတစ်ခုဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် စိတ်ကျရောဂါခံစားနေရသူ သန်း ၂၈၀ ရှိသည်။ ယင်းတို့အထဲတွင် အရွယ်ရောက်ပြီးသူများ၏ ငါးရာခိုင်နှုန်း၊ သက်ကြီးရွယ်အို ၅ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်သည်။ စိတ်ကျန်းမာရေးချို့တဲ့မှုမှတစ်ဆင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် မိမိကိုယ်ကို သေကြောင်းကြံစည်မှုကြောင့် သေဆုံးသူမှာ တစ်နှစ်လျှင် တစ်သန်းခန့်ရှိပြီး စက္ကန့် ၄၀ လျှင်တစ်ဦးနှုန်း သေဆုံးနေကြောင်း ဆိုထားသည်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသူများ၏အရေးမှာ ပေါ့ပေါ့တန်တန် သဘောမထားသင့်သည့်ကိစ္စတစ်ရပ် ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း စိတ်ကျန်းမာရေး မှတ်တမ်းများအရ အရေအတွက်မနည်းလှပါ။ ကျန်းမာရေးဌာန၏ မှတ်တမ်းများအရ လူဦးရေ ၁၀၀၀ တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါဖြစ်ပွားနေပြီး လူဦးရေသုံးသိန်းခန့်မှာ အဆိုပါဝေဒနာခံစားနေရကြောင်း သိရသည်။ သို့ရာတွင် ကိုဗစ်ကပ်ရောဂါနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့ကြောင့် အဆိုပါ ကိန်းဂဏန်းများ ပိုမိုမြင့်တက်မှုရှိနိုင်သည်ကို သတိပြုသင့်သည်။

"စိတ်ပိုင်းဆိုင်ရာ ရောဂါပြဿနာတွေက တခြားသော ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ရောဂါပြဿနာတွေကိုလည်း ရိုက်ခတ်မှုတွေ အများကြီးရှိတယ်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကြောင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာပြဿနာတွေလည်း တွဲဖက်ပါဝင်လာတယ်။ ဒီလိုဖြစ်လာရင် သက်ဆိုင်ရာ ဆရာဝန်တွေဆီ သွားရောက်ဖို့ လက်တွန့်တတ်ကြတယ်။ သူတို့ စိတ်ရောဂါဖြစ်တယ်ဆိုတာကို လူသိမခံချင်တာ အဓိကပြဿနာလို ဖြစ်နေတယ်။ စိတ်ကျန်းမာရေးအရ လိုအပ်လာလို့ ဆေးရုံကိုလွှဲရင်လည်း အရှူးထောင်ကို မသွားပါရစေနဲ့ဆိုတာ မျိုးရှိတယ်။ ဘယ်လိုပဲ စိတ်ကျန်းမာရေးဆေးရုံလို့ပြောပေမယ့် ကျွန်တော်တို့ဆေးရုံဟာ အရူးထောင်ပဲလို့ ယူဆကြတယ်။ စိတ်ပိုင်းဆိုင်ရာ ကုသလို့ မပျောက်တာ၊ အခက်အခဲကြုံတွေ့တာ၊ ပျောက်ကင်းမှုနည်းတာ ဒီပြဿနာက အဓိကဖြစ်တယ်"ဟု စိတ်ကျန်းမာရေးဌာနမှ ဆရာဝန်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မြို့ပြ/ကျေးလက်နေသူ**

မြန်မာနိုင်ငံတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ နေထိုင်မှုစရိတ် တိုးလာခြင်းများကို အခြေခံလူတန်းစားများ အဓိကခံစားနေကြရသကဲ့သို့ မြို့ပြ/ကျေးလက်နေသူတချို့မှာလည်း အနည်းဆုံး စိတ်ဖိစီးမှုတစ်ခုခုကို ခံစားနေကြရသည်။ အချို့သူများမှာ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ စားဝတ်နေရေး အဆင်မပြေမှုများ ရှိရာမှ ရေလိုက်လွဲကာ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲမှု စသည်ဖြင့် စိတ်ကိုပြောင်းလဲစေသည့် အပြုအမူများကို လုပ်ဆောင်လာကြသည်။ အရက်စွဲ၊ ဆေးစွဲဖြစ်ကာ စိတ်ကြွရောဂါ၊ စိတ်ကျရောဂါနှင့် စိတ်ဖောက်ပြန်မှုရောဂါရသည်အထိ ဖြစ်လာကြရသည်။

စိတ်ကျန်းမာရေးဆိုသည်က လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ရောဂါတစ်မျိုး ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ရောဂါမျိုးစုံ၏ ၁၄ ရာခိုင်နှုန်းမှာ စိတ်ရောဂါဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ စိတ်ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ရှိနေကြသည်ဟုလည်း ဆိုကြသည်။ စိတ်ရောဂါများတွင် အများဆုံးဖြစ်တတ်သော ရောဂါများမှာ (၁) စိတ်ကျရောဂါ၊ (၂) အရက်စွဲရောဂါ၊ (၃)အမြင်သွေလွဲမှုရောဂါနှင့် (၄) ဒီမင်းရှားရောဂါများ ဖြစ်သည်ဟု သိရသည်။

**လူဦးရေသုံးသိန်းခန့် ဝေဒနာခံစားနေရ**

ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီးအနေဖြင့် ဆေးဝါးကုသပေးခြင်းသာမက ပြန်လည်ထူထောင်ရေး အစီအစဉ်အနေဖြင့် နာတာရှည်ဆေးရုံတက်လူနာ ဦးရေ ၈၀ ကို လွန်ခဲ့သည့်နှစ်ပိုင်းက ပဲခူးရွှေသာလျောင်းဘုရား၊ ရွှေမော်ဓောဘုရားနှင့် စိန်သာလျောင်းဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးခြင်းကို ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံမှ အထူးကုဆရာဝန်ကြီး၊ သူနာပြုဆရာမများနှင့် လူမှုကူညီရေးအသင်းများက လုပ်ဆောင်ပေးခဲ့သည်။ ပတ်ဝန်းကျင်တွင် အတွေ့ရအများဆုံးမှာ စိတ်ကျဝေဒနာရှင်များဖြစ်ကာ ကလေးမီးဖွားပြီးစ မိခင်များ၊ တီဘီနှင့် အေအိုင်ဒီအက်စ်ကဲ့သို့သော နာတာရှည်ရောဂါရှင်များနှင့် သက်ကြီးရွယ်အို ဘိုးဘွားအချို့မှာပင် ရောဂါလက္ခဏာများကို တွေ့နေရသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၁၀၀၀ တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါဖြစ်ပွားနေပြီး လူဦးရေသုံးသိန်းခန့်မှာ ဝေဒနာခံစားနေရကြောင်း ကျန်းမာရေးဌာန စာရင်းဇယားများအရ သိရသည်။

စိတ်ရောဂါဝေဒနာခံစားရသူများတွင် အကြမ်းဖျင်းအားဖြင့် လူလေးမျိုးသာ ရှိသည်။ (၁) စိတ်ဝေဒနာခံစားခဲ့ရဖူးသူ၊ (၂) စိတ်ဝေဒနာခံစားနေရသူ၊ (၃) စိတ်ဝေဒနာမခံစားရသူနှင့် (၄) စိတ်ဝေဒနာရှိပါလျက် ရှိနေမှန်းမသိသူတို့ ဖြစ်ကြသည်။ စိတ်ဝေဒနာနှင့်ပတ်သက်ပြီး ခံစားခဲ့ဖူးသူ၊ ခံစားနေရသူ၊ မခံစားရသေးသူနှင့် ခံစားနေရမှန်းမသိသူဟု ပြောဆိုနိုင်သည်ဖြစ်ရာ အခြေအနေအကြောင်းတရားတစ်ခုခုကြောင့် အချိန်မရွေးပြောင်းလဲသွားနိုင်သည်ကို သတိပြုရန်လိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ကမ္ဘာတစ်ဝန်းတွင် စိတ်ကျရောဂါခံစားနေရသူ ၃၂၂ သန်း ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် စိတ်ကျရောဂါခံစားနေရသူ ၈၆ သန်းရှိနေပြီး ၂၀၀၅ မှ ၂၀၁၇ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အရေအတွက်အားဖြင့် ၁၈ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်းဖော်ပြထားရာ စိတ်ကျန်းမာရေးချို့တဲ့သူများ၏အရေးက ကမ္ဘာကြီးအပေါ် ခြိမ်းခြောက်လျက်ရှိသည်။

**စိတ်ရောဂါအမျိုးအစားပေါင်း ၅၃ မျိုး**

၂၀၀၀-၂၀၀၁ ခုနှစ်က National Institutes of Health မှ ကိန်းဂဏန်းများအရ အသက် (၁၈) နှစ်အထက် လူပေါင်း ၄၃၀၉၃ ဦးကို လေ့လာခဲ့ရာ အမျိုးသား ၄၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၇ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။ စိတ်ရောဂါအမျိုးအစားပေါင်း ၅၃ မျိုးအထိရှိကြောင်းသိရပြီး နာမည်ကျော်ဒတ်ချ်ပန်းချီဆရာကြီး ဗင်းဆင့်ဗန်ဂိုးဆိုလျှင် စိတ်ကျရောဂါရှိပြီး သူ့ကိုယ်သူသတ်သေသွားခဲ့သူဖြစ်သည်။ စိတ်ရောဂါတစ်မျိုးမျိုးရှိနေသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများအဖြစ် ဂီတပညာရှင် ဗီသိုဗင်၊ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ၊ သဘာဝသိပ္ပံပညာရှင် ချားလ်ဒါဝင်၊ တီထွင်သူ သောမတ်အယ်ဒီဆင်၊ စာရေးဆရာ အားနက်ဟဲမင်းဝေး၊ ကဗျာဆရာ ဗစ်တာဟယူးဂိုး၊ အမေရိကန်သမ္မတ သောမတ် ဂျက်ဖာဆင်၊ အမေရိကန်သမ္မတ လင်ကွန်း၊ ဖိသုကာ ပညာရှင် မိုက်ကယ်အိတ်ဂျယ်လို၊ မီးအိမ်ရှင်မ ဖလောရင့်နိုက်တင်ဂေး၊ သိပ္ပံပညာရှင် နယူတန်တို့ကိုလည်း တွေ့ရသည်။

ယခုအခါ တစ်ကမ္ဘာလုံးအနှံ့ခံစားရသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။ စာသင်ကျောင်းဆိုသည်မှာ ကလေးများနှင့် ဆယ်ကျော်သက်များ အဓိက မှီခိုနေရသည့်နေရာလည်း ဖြစ်သည်။ ကျောင်းများ ပိတ်ထားရသည့်အတွက် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတွင် ထိခိုက်မှုများဖြစ်စေသည်ဟု ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး မည်မျှထိခိုက်မှုရှိသည်ကို အပြည့်အဝလေ့လာရန်အတွက် နှစ်များစွာအချိန်ယူရမည်ဟုလည်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ပြောသည်။ စိတ်ရောဂါအထူးကုပညာရှင်များသည် ကလေးများနှင့် ဆယ်ကျော်သက်အရွယ်များတွင် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုလက္ခဏာများကို လျင်မြန်စွာပင်တွေ့မြင်ခဲ့ကြသည်။ အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကြောင့် အစားအသောက်ပုံမှန် မဟုတ်ခြင်း၊ စိတ်ပူပန်မှုများ များလာခြင်းအပါအဝင် အခြားသောအခက်အခဲများ ကလေးများကြုံတွေ့လာရသည်ဟု တွေ့မြင်လာကြသည်။

စိတ်ရောဂါအားလုံး၏ ထက်ဝက်ခန့်သည် အသက်(၁၄)နှစ်အရွယ်ဝန်းကျင်တွင် စတင်ဖြစ်ပွားသော်လည်း များစွာသောသူတို့မှာ သိရှိခြင်းမရှိ၊ ကုသမှုခံယူရခြင်းကို မသိခြင်းဖြစ်တတ်သည်။ မြီးကောင်ပေါက်အရွယ်များ၌ ဖြစ်ပွားသည့် ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်စေသော ရောဂါများအနက် စိတ်ကျရောဂါသည် တတိယနေရာ၌ရှိသည်။ အသက် (၁၅) နှစ်နှင့် (၂၉) နှစ်အကြား သေဆုံးရသည့် အဓိကအကြောင်းအရာများထဲတွင် မိမိကိုယ်မိမိသတ်သေခြင်းသည် ဒုတိယနေရာ၌ရှိသည်။

စာမျက်နှာ ၁၁ သို့ ■

## ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံ

**စစ်တွေ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ထောက်ပံ့ငွေများပေးအပ်**

ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန နှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသို့ ငွေကြေးထောက်ပံ့မှုများ နှစ်စဉ် ပေးအပ်လျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ဒိုင်းနက် (သက္ကမ)၊ ခမီ၊ မြိုနှင့် မရမာကြီး စသည့် အသင်းအဖွဲ့များသို့ ထောက်ပံ့ငွေများ အသီးသီးပေးအပ်နိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်းတွင်လည်း တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက မိမိတို့လူမျိုးပွဲတော်များ၊ (နေ့ထူးနေ့မြတ်) အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ပေးရန် တင်ပြတောင်းခံလာမှုများ ရှိပါက ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ စိစစ်ပြီး ကူညီထောက်ပံ့မှုများ ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်ချေးငွေများ ထုတ်ချေး

**တောင်ကုတ် အောက်တိုဘာ ၂၇**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း ကျေးလက်နေပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် ဝန်ထမ်းများက ချိုင့်ကြီးကျေးရွာရှိ မြစိမ်းရောင် အသင်းသား အသင်းသူများအတွက် ငွေကျပ် သိန်း ၄၂၀၊ ပေါက်ပြင်ကျေးရွာရှိ မြစိမ်းရောင် အသင်းသား အသင်းသူများအတွက် ငွေကျပ် ၅၇၄ သိန်း၊ မှန်စီတောင် ကျေးရွာရှိ အသင်းသား အသင်းသူများအတွက် ငွေကျပ် ၄၀၄ သိန်း၊ တောင်ရွာကျေးရွာရှိ အသင်းသား အသင်းသူများအတွက် ငွေကျပ် ၄၄၃ သိန်း၊ မိုးကျောက်ကြီးကွင်း ကျေးရွာရှိ အသင်းသား အသင်းသူများ အတွက် ငွေကျပ်သိန်း ၄၃၀ နှင့် ခမောင်းချိုင့်ကျေးရွာရှိ အသင်းသား အသင်းသူများအတွက် ငွေကျပ် ၄၃၄ သိန်းတို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုထွန်း**

## ခရမ်းလွှန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

☆ စာမျက်နှာ ၉ မှ

ထို့နောက် တရားခံ **ဒိုပေါက်(ခ) အောင်ဟိန်း၊ ကျော်ကျော်နိုင်(ခ) ဆံရှည်၊ အောင်ကိုလတ် (ခ) အရှည်ကြီး** နှင့် **ကိုဖြိုး (ခ)အေးချမ်းဖြိုး** တို့ လေးဦးသည် ဘဏ် အတွင်းသို့ ဝင်ရောက်၍ ဓားပြတိုက်ကာ ငွေစက္ကူများ ထည့်ထားသည့် ခရီးဆောင် ကျောပိုးအိတ် သုံးလုံး၊ ဆာလာအိတ် တစ်လုံးတို့ကို ယူဆောင်၍ ဘဏ်မှ ၄၈ လမ်း ကမ်းနားလမ်းအတိုင်း **နေဆန်း(ခ) နေသူရိန်ထက်** မောင်းနှင်သော FF 6532 FIELDER (အဖြူရောင်) ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ၎င်းယာဉ်အား ၃၈ လမ်းတွင် ထားခဲ့ကာ တရားခံများသည် ငွေများအား အသင့်စောင့်ဆိုင်းနေသော **ရဲနိုင်ဦး** မောင်းနှင်သည့် YGN 1F/4068 CALDINA (အဖြူရောင်)ယာဉ်ဖြင့် ရွှေ့ပြောင်း တင်ဆောင်ခဲ့ပြီး OCEAN CENTER သို့ သွားရောက်ခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများအနေဖြင့် ဓားပြတိုက်ရာတွင် ရရှိသောငွေများအား OCEAN CENTER ရှိ ခေတ်လှေကား၏ မျက်နှာကြက်ပေါ်တွင် ငွေကျပ်သိန်း ၄၀၀ ထားရှိပြီး ရဲနိုင်ဦး၏မိခင် တင်တင်မူ(ခ) အေးအေးမူထံတွင် ငွေကျပ် ၂၁၄၃ သိန်း အားအပ်နှံကာ ကျန်ငွေများအား အသီးသီး ခွဲဝေယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများအနက် **ဟန်ဝင်းထွဋ်** နှင့် **ဒိုပေါက်(ခ) အောင်ဟိန်း** တို့သည် မြဝတီမြို့အနီး KNLA တပ်မဟာ (၇) ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအား ဧပြီလတွင် တက်ရောက်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများမှ ပုဇွန်တောင်မြို့နယ် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များ အတွင်း အကြမ်းဖက်ဆောင်ရွက်မှုအနေဖြင့်–

- တရားခံ **ဒိုပေါက် (ခ) အောင်ဟိန်း** သည် **ကျော်ကျော်နိုင်** ထံမှ ငွေကျပ် ၁ ၅၀၀၀ ရယူ၍ ဇူလိုင် ၁၂ ရက်တွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ (၇) ရပ်ကွက် ရစဖရုံးရှေ့တွင် လက်လုပ်ဗုံး တစ်လုံးအား ဖောက်ခွဲခဲ့ကြောင်း။
- တရားခံ **ဒိုပေါက် (ခ) အောင်ဟိန်း** သည် **ကျော်ကျော်နိုင်** ထံမှ ငွေကျပ် ၂၀၀၀၀ ရယူ၍ ဩဂုတ် ၁၁ ရက်တွင် ရွှေပြည်သာမြို့နယ် (၈)ရပ်ကွက် ရုပ်ရှင်ရုံအနောက် ဘက်လမ်း အုတ်တံတိုင်းအနီးတွင် လက်လုပ်ဗုံး တစ်လုံးအား ဖောက်ခွဲခဲ့ကြောင်း။

**ဖောက်ခွဲခဲ့**

တရားခံ **ဒိုပေါက် (ခ) အောင်ဟိန်း** သည် **ကျော်ကျော်နိုင်** ထံမှ ငွေကျပ် ၃၀၀၀၀ ရယူ၍ ဩဂုတ် ၂၅ ရက်တွင် လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက် ရစဖရုံးနှင့် လှိုင်သာယာမြို့နယ် မီးခွက်ဈေး မှတ်တိုင်ရှေ့ ကားလမ်းမပေါ်တွင် လက်လုပ်ဗုံး တစ်လုံးစီအား ဖောက်ခွဲခဲ့ကြောင်း။

တရားခံ **အောင်ကိုလတ်**သည် ဩဂုတ် ၁၇ ရက်တွင် ရွှေပြည်သာ မြို့နယ် သုံးထပ်သံလမ်းဘေး သောက်ရေကန်အနီး အမှိုက်ပုံးတွင် လက်လုပ်မိုင်း တစ်လုံးဖောက်ခွဲခဲ့ကြောင်း။

တရားခံများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်ရာတွင်ရရှိသော ငွေကြေးများ အနက် တစ်ဝက်ခန့်အား အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော NUG နှင့် ချိတ်ဆက်ပြီး လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ဝယ်ယူကာ ရန်ကုန်မြို့တွင်းရှိ PDF အဖွဲ့များအား အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ပေးသွားရန်နှင့် ကျန်တစ်ဝက်အား ကိုယ်ကျိုးအတွက် ခွဲဝေသုံးစွဲရန်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဘဏ်ဓားပြတိုက်မှု ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး တစ်ဦး **ပေါင်း ၁၂ ဦး** ဓားပြတိုက်ရာတွင် အသုံးပြုသည့် CZ 75 D အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် သုံးတောင့်၊ လက်လုပ်မိုင်း သုံးလုံး၊ မော်တော်ယာဉ်နှစ်စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီးနှင့်အတူ ဓားပြတိုက် ယူဆောင်သွားခဲ့သော ငွေကျပ် ၂၈၁၄ သိန်းကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ယခုကဲ့သို့ ဘဏ်ဓားပြတိုက်မှုအား အချိန်တိုအတွင်း ဖော်ထုတ်နိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ စည်းစည်း လုံးလုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများ အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၀ မှ

ကျေးလက်ဒေသအချို့တွင် စိတ်ကျန်းမာရေး ချို့တဲ့သူများအပေါ် စုန်းကဝေဖမ်းစားခြင်း၊ နတ်ပူးခြင်း၊ ပြုစားခံရသူဖြစ်ခြင်းစသည့် ယုံမှတ်မှုများရှိခဲ့သည်။ စိတ်ကျန်းမာရေးချို့တဲ့သူအချို့မှာ ကြိုးဖြင့်ချည်တုပ်ခံရခြင်း၊ ရွာပြင်သို့ မောင်းထုတ်ခံရခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့သည့် ပယောဂဆရာတို့ကြောင့် ရိုက်နှက်ခံရခြင်းများ ရှိခဲ့သည်။ ဆေးပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စိတ်ကျန်းမာရေးချို့တဲ့သူများအား ကုသပေးနိုင်သည့် ဆေးဝါးများလည်း ပေါ်ပေါက်လာရာ ဝေဒနာရှင်များကို ပျောက်ကင်းသည်အထိ ကုသပေးနိုင်ပြီဖြစ်သည်။ အဆိုပါ ဝေဒနာရှင်များအား သက်ဆိုင်ရာကျန်းမာရေးဌာနသို့ ကူညီပို့ဆောင်ပေးမည့်အစီအစဉ်များ အဆင်သင့်မရှိမှု၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုသရေးစင်တာများ နည်းပါးမှု၊ ကုသပေးနိုင်သည့် စိတ်ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုတို့က စိတ်ကျန်းမာရေးချို့တဲ့သူများအတွက် အကာအကွယ်မဲ့သလို ဖြစ်စေသည်။

**အပယ်ခံလူသားတစ်ဦးအဖြစ်မှ ကယ်တင်**

တာဝန်ရှိသူများအနေဖြင့် ခေတ်နှင့်လျော်ညီသည့် စိတ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ မူဝါဒတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ အချိန်မီ ဆေးဝါးကုသပေးနိုင်သည့် လုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်ခြင်းတို့ကို အဆောတလျင် အကောင်အထည်ဖော်မည်ဆိုလျှင် စိတ်ကျန်းမာရေးချို့တဲ့သူများအား အပယ်ခံလူသားတစ်ဦး အဖြစ်မှ ကယ်တင်နိုင်မည်ဖြစ်သည်။

ကမ္ဘာကြီး၏ စိန်ခေါ်မှုများကို ကိုင်တွယ်ရန် အလို့ငှာ အစောဆုံးအသက်အရွယ်များမှနေ၍ စိတ်ခံတော်ကြံ့ခိုင်အောင် တည်ဆောက်ရန် လူငယ်များအားကူညီရန် မှာ အရေးကြီးကြောင်း အသိအမြင် တိုးပွားလာကြသည်။ ကျန်းမာရေးကို မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းသည် မြီးကောင်ပေါက်တို့၏ ကျန်းမာရေးအတွက် ရေတိုနှင့်ရေရှည် အကျိုးကျေးဇူးများ ရရှိစေရုံသာမက ကျန်းမာသောလူငယ်များအနေဖြင့် လုပ်သားအင်အားစု၊ ၎င်းတို့၏ မိသားစုများနှင့် အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးတွင် ကောင်းမွန်စွာပါဝင်လာနိုင်ခြင်းကြောင့် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအတွက်လည်း အကျိုးကျေးဇူးများစေနိုင်သည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) ကလည်း မူးယစ်ဆေးစွဲလူနာနှင့် အရက်စွဲလူနာများကို အခမဲ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

စိတ်နှင့်ပတ်သက်သည့် ဝေဒနာများကို ဆန်းစစ်ကြည့်ပါက အမျိုးသမီးများတွင် စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် စိတ်ခံတော်ကျဆင်းခြင်းကြောင့် အဖြစ်များပြီး အမျိုးသားများမှာမူ မူးယစ်ဆေးစွဲခြင်း၊ လူမှုအသိုင်းအဝိုင်းနှင့် အဆင်မပြေခြင်းကြောင့် အဖြစ်များကြောင်း အမေရိကန်စိတ်ပညာအသင်းက ထုတ်ပြန်ထားသည်။ စိတ်ကျန်းမာရေးချို့တဲ့သူများအား လူမှုအသိုင်းအဝိုင်းမှ ခွဲခြားဆက်ဆံပစ်ပယ်ထားခြင်းထက် မိသားစုဝင်တစ်ဦးချင်းစီအနေဖြင့် ကြောက်ရွံ့ဟန့်တားမှုမရှိဘဲ မိသားစုဝင်ချင်းဖြစ်စေ၊ ပရဟိတအသင်းများ၏ စောင့်ရှောက်မှုများမှဖြစ်စေ၊ နိုင်ငံတော်မှဖြစ်စေ လူငယ်များ၏ စိတ်ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည့်စုံခိုင်မာသော စီမံချက်များရေးဆွဲကာ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ပါဝင်မှုသည် မရှိမဖြစ် အရေးကြီးပါကြောင်း ရေးသားလိုက်ရပါသည်။ ။

❍

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၂၁ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၂၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၄၅၁ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၂၁၅၆၅၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၈၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၅၅၆၅၃ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအများဆုံးမှာ ကီရာလာပြည်နယ်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်က ကီရာလာပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၈၂ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၆၂၆၆၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၄၀၁၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၅၉၇၃၃၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၇၂၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၇**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၂၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၄၂၂၄ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၇၁၁ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၈၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၅၇၆ ဦးရှိလာသည်။



သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ၅၆၀၇ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၂၃၄၀၃၉၀ ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၇၃၂၅၈ ဦးရှိပြီး ၅၈၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ၎င်းတို့အနက် ၃၀၅ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၇ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်၍ ၇၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၅၈၂ ဦးရှိ

**မော်စကို အောက်တိုဘာ ၂၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၅၈၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၃၅၂၆၀၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၂၃ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၃၃၈၉၈ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၉၁၅၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၂၄၂၇၃၅ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၈၉ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၈၆၅၇၀ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ တရားဝင်အချက်အလက်များအရ ရုရှားနိုင်ငံသား ၅၃ ဒသမ ၅ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ သန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၁၈ ဦး ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၁၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၇၆၈၈၄၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၇၁ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၃၄၈ ဦးရှိလာသည်။

နိုင်ငံအတွင်းရှိ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိသော ကလေးသူငယ်များအား နိုဝင်ဘာ ၃ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူဖြစ်သည့် မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။

နိုင်ငံအတွင်း ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိသော ကလေးသူငယ်အရေအတွက် ၁၂ ဒသမ ၇ သန်းရှိကြောင်း သိရသည်။

မနီလာမြို့ပြဒေသ၌ အောက်တိုဘာ ၁၅ ရက်မှစတင်၍ ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ကလေးသူငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ရာ ယမန်နေ့အထိ ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ကလေးသူငယ်ပေါင်း ၁၈၆၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ နိုင်ငံသား ၂၆ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူပြီးစီးခဲ့ကြောင်းနှင့် ယခုနှစ်ကုန်တွင် နိုင်ငံသား ၇၇ သန်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးစီးကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၅၄၄၈၉၃ | ဦး |
| သေဆုံးသူ | ၄၉၈၂၂၇၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၄၉၃၄၆၆ | ဦး |



# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၀၉၆ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၂၇**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၉၆ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၈၇၇၄၅၆ ဦး ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၆ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၅၅၁၉ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၅၄၄၃၂၄၃ ဦးရှိသည်။ လူနာ ၄၁၈၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၁၄၅၅၂၉၁ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်၍ ပြည်သူ ၃၀၉၅၀၄၈၀ သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၃၄၉၇၀၁၀၃ ဦးအား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# လားရှိုးမြို့နယ်၌ ဘိန်းဖြူ ၁၆ ဒသမ ၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**
ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်း ရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားကားလမ်း ခါးသျှိကျေးရွာအနီးတွင် မိုင်းရယ်မှ လားရှိုးသို့ ဇော်ဦး မောင်းနှင်လာသည့် ခြောက်ဘီးမြေသယ်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၂၄၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို မိုင်းရယ်မြို့နယ်မှ မန်တုံမြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဇော်ဦးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မောင်တောနှင့် ညောင်တုန်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**
အမှတ်(၇) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မောင်တောမြို့နယ် မင်းကြီးကျေးရွာအနီး မောင်တော-တောင်ပြို(ဝဲ) သွားကားလမ်းတွင် မောင်သန်းရွှေ မောင်းနှင်ပြီး အောင်ကျော်ဝင်း(ခ) အောင်ကျော်မိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၈ ပြားကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအနီးတွင် မြထွင့်ခေါင် မောင်းနှင်ပြီး မျိုးဇော်ထွန်းလိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■



မျိုးဇော်ထွန်း၊ မြထွင့်ခေါင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၇**
စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်း ဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

------------

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် အောက်တိုဘာ ၂၇**
လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**





## ထိပ်ဆုံးမှာ တွေ့ကြမယ်

# ရည်မှန်းချက်ပန်းတိုင်များ၏ စရိုက်လက္ခဏာများ

(၁၄-၁၀-၂၀၂၁ ရက်နေ့မှ အဆက်)

### အမှတ်စဉ်(၄) ရည်မှန်းချက်များသည် တိတိကျကျရှိရမည်

ရှေ့ပိုင်း၌ ကျွန်တော်ကရည်မှန်းချက်များသည် အဓိပ္ပာယ်ရှိသည့် ရေရေရာရာတိကျမှုတစ်ခု ရှိရမည်။ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် ယေဘုယျပုံစံမျိုးမဖြစ်စေရဟု ပြောခဲ့သည်။ ထိုသို့ပြောခဲ့သည်မှာလည်း အကြောင်းရှိပါသည်။ ကမ္ဘာပေါ်ရှိ အပူဆုံးနေ့တစ်နေ့၌ ခင်ဗျားသိသမျှ အင်အားအကောင်းဆုံး မှန်ဘီလူးတစ်ခုနှင့် သတင်းစာဖြတ်စများကိုရယူခဲ့ပါ။ နေရောင်၏စွမ်းအားကို မှန်ဘီလူးမှတစ်ဆင့် ချဲ့ပေးနိုင်သော်လည်း ထိုမှန်ဘီလူးကို တစ်ချိန်လုံး ဟိုရွှေ့သည်ရွှေ့လုပ်နေခဲ့လျှင် မီးမတောက်နိုင်ကြောင်းကို တွေ့ရလိမ့်မည်။ အကယ်၍ ထိုမှန်ဘီလူးကို ငြိမ်ငြိမ်ကိုင်ပြီး သတင်းစာစက္ကူများပေါ်၌သာ စူးစိုက်ထားလျှင် နေရောင်ခြည်၏စွမ်းအားကို ထိန်းချုပ်နိုင်ပြီး မှန်ဘီလူးမှတစ်ဆင့် မီးတောက်လောင်အောင် ဖန်တီးပေးနိုင်သည်။ ခင်ဗျားမှာ စွမ်းအားတွေ၊ ထူးချွန်မှုတွေစသည့် လောင်စာတွေရှိနေကြသော်လည်း ထိုအရာများကို ကြိုးကိုင်ပြီး အသုံးမချနိုင်လျှင် သို့မဟုတ် ရေရေရာရာ တိတိကျကျရှိသည့် ရည်မှန်းချက်တစ်ခုအပေါ်၌ အာရုံမစိုက်ခဲ့လျှင် သို့မဟုတ် ခင်ဗျား၏အစွမ်းအစရှိသလောက်ဖြင့် တစ်ခုခုကို ရအောင်မလုပ်ခဲ့လျှင် ဘာမျှဖြစ်လာမည်မဟုတ်ပါ။ ငှက်များကို ဖမ်းဆီးသယ်ဆောင်လာတတ်သည့် တောလိုက်မုဆိုးတစ်ဦးသည် ဘယ်ငှက်ပင်တွေ့တွေ့ ပစ်မည်ဆိုပြီး မရေမရာသွားခဲ့သည်မဟုတ်ဘဲ မည်သည့်ငှက်ကိုတော့ ရအောင်ပစ်ခတ်မည်ဟု တိတိကျကျဆုံးဖြတ်ထားသူ ဖြစ်သည်။

ရည်မှန်းချက်များချမှတ်ရာ၌ ရည်မှန်းချက်တစ်ခုခုကို တိတိကျကျ ရေရေရာရာ အသေးစိတ်ချမှတ်ဖို့လိုသည်။ ငွေအများကြီးရှိရမည်။ အိမ်ကြီးအိမ်ကောင်းတစ်လုံး ပိုင်ဆိုင်ရမည်။ လစာကောင်းကောင်းရရမည်။ ပညာပိုတတ်ရမည်။ ပိုအရောင်းသွက်ရမည်။ ရပ်ရွာအတွက် တစ်ခုခုလုပ်ပေးရမည်။ ပိုကောင်းသည့် ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်၊ ကျောင်းသားတစ်ယောက် ဖြစ်ရမည်ဆိုသည့် သတ်မှတ်ချက်များသည် အလွန်ကျယ်ပြန့်သည့် သတ်မှတ်ချက်များလည်း ဖြစ်ကြသည်။ ထိုရည်မှန်းချက်များမှာ ကောင်းသော်လည်း အများအားဖြင့် ၎င်းတို့ကိုဆောင်ရွက်ရန် တိတိကျကျ စည်းကမ်းသတ်မှတ်ချက်ထားသည်ကို မတွေ့ရပါ။

ဥပမာ- အိမ်ကြီးအိမ်ကောင်းတစ်လုံးဟု ဆိုမည့်အစား ခင်ဗျားအနေဖြင့် အသေးစိတ် ရည်မှန်းချက်များ ချမှတ်သင့်သည်။ ခင်ဗျားက အသေးစိတ်အကြောင်းအရာများကို မသိခဲ့လျှင် အိမ်များ၏ ရုပ်ပုံများပါရှိသည့်မဂ္ဂဇင်းများကို စုဆောင်းနိုင်သည်။ အိမ်မြေရောင်းဝယ်သူများက ရုံးခန်းဖွင့်လှစ်ပြထားသည့်အခါ၌ ဝင်ရောက်လေ့လာပြီး အကြံဉာဏ်များနှင့် သဘောတရားများကို ပေါင်းစပ်နိုင်သည်။ ဖွင့်ပြသည့် အိမ်တော်တော်များများကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ သို့သော် ခင်ဗျားကို တကယ်ဝယ်မည့်သူတစ်ဦးဟု ထင်မသွားပါစေနှင့်။ ထိုသို့သူတို့က ထင်ပြီးနောက် ခင်ဗျားကို အိမ်ပုံစံအမျိုးမျိုးကို လိုက်ပြနေခဲ့လျှင် သူတို့မှာလည်း အချိန်အများကြီးကုန်သွားနိုင်သည်။ ထိုသို့ပြုလုပ်ရန်မှာ မတရားသလို ရိုးသားမှုလည်းမရှိပါ။ ခင်ဗျား၏ ရည်မှန်းချက်များကို ပိုလို့ပင်ဝေးသွားစေနိုင်သည်။

ထိုအကြံဉာဏ်အမျိုးမျိုးအနက်မှ ရွေးချယ်ကာ ခင်ဗျားလိုချင်သည့် အိမ်ပုံစံတစ်ခုကို ချရေးပါ။ ပေမည်မျှကျယ်ရမည်။ အရွယ်အစားမည်မျှရှိရမည်။ ပုံသဏ္ဌာန်မည်သို့ဖြစ်ရမည်။ အခန်းဘယ်နှခန်းပါမည်။ အခန်းများ၏ပုံသဏ္ဌာန်နှင့် အရောင်က မည်သို့ရှိမည်။ ဘယ်နေရာမှာ ရှိရမည် စသည်ဖြင့် ချရေးပါ။ ၎င်းနောက် ရပ်ရွာအတွင်းရှိ ပန်းချီဆရာတစ်ယောက်ကို သော်လည်းကောင်း၊ ဗိသုကာကျောင်းသားငယ်တစ်ယောက်ကိုသော်လည်းကောင်း ခင်ဗျားလိုချင်သောအချက်များပါဝင်သည့် ပုံစံတစ်ခုကို ရိုးရိုးလွယ်လွယ်လေးဆွဲခိုင်းပါ။ ဤနည်းလမ်းကို နောက်ပိုင်း၌ အသေးစိတ် ဆွေးနွေးသွားပါမည်။

ခင်ဗျားအနေဖြင့် ရည်မှန်းချက်ချမှတ်ရေးနှင့်ပတ်သက်၍ ယေဘုယျအချက်အလက်များ ရယူပြီးလျှင် မိမိ၏အခြေအနေနှင့် ကိုက်ညီအောင် တိတိကျကျအသုံးချသင့်ကြောင်းကို ယခုအခါ အပြည့်အဝနားလည်ပြီဟုထင်ပါသည်။ နောင်အခါ၌ ခင်ဗျား၏ အခြေအနေနှင့် ကိုက်ညီသည့် တိတိကျကျရှိသည့် ရည်မှန်းချက်များအကြောင်းကို ပြောပါမည်။ ပြည့်ပြည့်ဝဝတိတိကျကျရလိုလျှင် ခင်ဗျားဘာကိုလိုချင်သည်ဖြစ်စေ အသေးစိတ် တိတိကျကျရှိဖို့ လိုအပ်ပါသည်။

### ရည်မှန်းချက်များသည် အဆိုးလည်းဖြစ်နိုင်သည်

ရည်မှန်းချက်များသည် အဖျက်သဘောလည်းဖြစ်နိုင်ပြီး အကြောင်းတရား သုံးခုတို့ကြောင့် ဖြစ်သည်။ ပထမအနေဖြင့် ခင်ဗျား၏ ရည်မှန်းချက်ကို ရယူအောင်မြင်ရန်အတွက် ခင်ဗျားကိုယ်တိုင်ပင်လျှင် ဗိသုကာတစ်ဦးဖြစ်နေပြီဟု လက်ခံမထားလျှင်သော်လည်းကောင်း၊ မိမိတွင် ကံမပါဟု လက်ခံနေလျှင်သော်လည်းကောင်း အဖျက်သဘောဖြစ်နိုင်သည်။ ဒုတိယအနေဖြင့် ခင်ဗျား၏ရည်မှန်းချက်သည် လက်တွေ့မဆန်လောက်အောင် အလွန်ကြီးမားနေလျှင်လည်း အဖျက်သဘောမျိုးဖြစ်နိုင်သည်။ တတိယအနေဖြင့် ခင်ဗျားစိတ်ဝင်စားသည့် နယ်ပယ်မဟုတ်ခဲ့လျှင်သော်လည်းကောင်း၊ တစ်ယောက်ယောက်က ကျေနပ်ရန်အတွက်သာ ရည်မှန်းချက်ချမှတ်ရခြင်း ဖြစ်လျှင်သော်လည်းကောင်း အဖျက်သဘော ဖြစ်နိုင်သည်။

> **အောင်မြင်သည့်သူများသည် ထိပ်ဆုံးသို့ရောက်သွားကြခြင်းမှာ သူတို့၏ရည်မှန်းချက်များကို တိတိကျကျဖော်ထုတ်ပြီးလျှင် အစွမ်းအစများကို အသုံးချကာ တစ်ချိန်လုံး ကြိုးပမ်းအားထုတ်နေကြခြင်းကြောင့်ပင် ဖြစ်သည်။ သူတို့၏ ထူးချွန်ပေါက်မြောက်မှုသည် သန္နိဋ္ဌာန်ချမှတ်မှုနှင့် မှန်ကန်သောရည်မှန်းချက်ရှိမှုများကြောင့် ဖြစ်သလို ခင်ဗျား၏ အောင်မြင်မှုများသည်လည်း ခင်ဗျား၏ကြိုးပမ်းအားထုတ်မှုများ ကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်**

ပထမဦးစွာ အကြီးမားဆုံးသောပြဿနာတစ်ရပ်နှင့်ပတ်သက်၍ ဆွေးနွေးကြပါစို့။ ရည်မှန်းချက်တစ်ခုသည် သိပ်ကြီးလွန်းနေပြီး လက်တွေ့မဆန်သည့် ရည်မှန်းချက်တစ်ခုလည်း ဖြစ်နိုင်သည်။ အကြိမ်ပေါင်းများစွာပင် အလွန်ကြီးမားပြီး လက်တွေ့မဆန်သော မဖြစ်နိုင်သည့် ရည်မှန်းချက်တစ်ခုကို ဇွတ်အတင်းချမှတ်တတ်ကြသည်။ ထို့ကြောင့် မအောင်မြင်သည့်အခါတွင် အဆင်သင့်ပင် ဆင်ခြေပေးစရာရှိနေတတ်ကြသည်။ တမင်သက်သက် မအောင်မြင်အောင် စီစဉ်ထားသည့် လူတစ်ယောက်ပုံစံမျိုးဖြင့် အခြားသူများက မဖြစ်နိုင်ကြောင်းကို နားလည်ပြီး သူ့ရည်မှန်းချက်ကို မရောက်သည့်အတွက် အပြစ်တင်မခံရအောင် ဆောင်ရွက်တတ်ကြသည်။

နှစ်အတန်ကြာက မီရှီဂန်ပြည်နယ် ဒက်ထရွိုက်မြို့၌ ဟောပြောနေစဉ် အသက် ၂၀ ကျော်ရှိ ပညာလည်းနိမ့်ကျပုံရပြီး ချို့ချို့တဲ့တဲ့ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်က ကျွန်တော့်ထံ ချဉ်းကပ်ပြီး စကားပြောလာသည်။ "မစ္စတာဇစ်ဂလာ၊ ခင်ဗျားက ကျွန်တော့်ကို သိပ်ပြီးတက်ကြွအောင် လုပ်နိုင်တယ်။ ဒါကြောင့် ကျွန်တော်ကနေ့ ဘာလုပ်ခဲ့တယ်ဆိုတာကို ပြောပြချင်ပါတယ်၊ ခင်ဗျား ကျွန်တော့်ကို ဒေါ်လာသန်းပေါင်းများစွာရအောင် လုပ်ပေးခဲ့တယ်"ဟု ပြောလိုက်ရာ "ဟုတ်လား ဘယ်လိုလုပ်ခဲ့သလဲ"ဟု ကျွန်တော်က ထပ်မေးလိုက်သည်။

ခင်မောင်ညို (ဘောဂဗေဒ)

သူအနည်းငယ်တော့ စိတ်အနှောင့်အယှက်ဖြစ်သွားပုံရပြီးလျှင် "ကျွန်တော် အခုရနေတာ မဟုတ်သေးဘူး။ ဒါပေမဲ့ ကျွန်တော် ဒီနှစ်ကုန်ရင် ဒေါ်လာတစ်သန်း လက်ထဲရတော့မယ်" ဟု ပြောလိုက်သည်။

ထိုအခါ ကျွန်တော့်စိတ်ထဲမှာ ပြဿနာတစ်ခုကဝင်လာသည်။ ဤလူငယ်၏ စိတ်အားထက်သန်မှုကို ပယ်ဖျက်ပေးရမလား။ မဖြစ်နိုင်သည့် ရည်မှန်းချက်တစ်ခုကို ထင်ယောင်ထင်မှားဖြင့် ကြိုးစားပမ်းစားချမှတ်ပြီးလျှင် လုံးဝဆုံးရှုံးမှုကို ရင်ဆိုင်စေရမည်လားဟူသော ပြဿနာပင် ဖြစ်သည်။ မဖြစ်နိုင်ဟုပြောရခြင်းသည် တစ်နှစ်လျှင် ဒေါ်လာတစ်သန်းဆိုသည်မှာ တစ်ပတ်လျှင် ဒေါ်လာနှစ်သောင်းရမည်ဆိုသည့် အဓိပ္ပာယ်ထွက်သည်။ တစ်ပတ်လျှင် ဒေါ်လာနှစ်သောင်းဆိုသည့် ငွေကြေးပမာဏမှာ ချို့တဲ့သည့်၊ ကျွမ်းကျင်မှုမရှိသည့်၊ ပညာမတတ်သည့် လူငယ်တစ်ယောက်အနေဖြင့် အလွန်ခဲယဉ်းသည့် ကိစ္စရပ်တစ်ခု ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ရန် အနည်းဆုံးလိုအပ်သည့် ဒေါ်လာနှစ်ထောင်ပင်မရှိသည့် လူတစ်ယောက်အနေဖြင့် တစ်ပတ်လျှင် ဒေါ်လာနှစ်သောင်းရဖို့မှာ အလွန်ခဲယဉ်းလှသည်။ အကြမ်းဖျင်းပြောရလျှင် ၂၅ နှစ်အတွင်း၌ပင် ဒေါ်လာနှစ်ထောင်ရအောင် စုနိုင်မည့်ပုံမရှိပေ။ ယခုအခါ တစ်နှစ်အတွင်း၌ပင် သူက ဒေါ်လာနှစ်ထောင်ထက် အဆပေါင်း ၅၀၀ ကြီးမားသည့် ရည်မှန်းချက်ကို ချမှတ်ထားသည်။

ထိုအချိန်အခါကိုရောက်လျှင် သူ့အနေဖြင့် မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများအတွက် ရယ်စရာမောစရာ ဖြစ်နေလိမ့်မည်။ ဆုံးရှုံးမှုများကို ထပ်မံရင်ဆိုင်ရလိမ့်မည်။ သူ့ကိုယ်သူ မိုက်မဲသည်၊ ရှုံးနိမ့်သည်ဟု ခံစားရပြီး ဖြစ်နေလိမ့်မည်။ ကျွန်တော်တို့အနေဖြင့် မယုံကြည်နိုင်လောက်အောင် မတန်တဆကြီးမားသည့် ရည်မှန်းချက်များကို ချမှတ်သည့်အခါ၌ အလားတူပင် ဖြစ်တတ်ကြသည်။

အကယ်၍ ကျွန်တော်တို့၏ ရည်မှန်းချက်များသည် လက်တွေ့တွင် မဖြစ်နိုင်လောက်အောင် ကြီးမားနေခဲ့လျှင် အကြီးအကျယ်ဆုံးရှုံးမည်။ ထိုသို့ ဆုံးရှုံးသည့်ပမာဏအပေါ်တွင်လိုက်၍ အနာဂတ်ကာလအောင်မြင်မှုများအပေါ်၌ ကြီးမားသည့် အဖျက်သဘော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ မည်သည့်အလုပ်ကိုမျှ ကြိုးစားပမ်းစားမလုပ်ချင်သည့်စိတ်မျိုး ဖြစ်သွားစေနိုင်သည်။ ထို့ကြောင့် မြင့်မားသော်လည်း လက်လှမ်းမီသည့် ရည်ရွယ်ချက်များကိုသာလျှင် ဉာဏ်ပညာရှိရှိ ချမှတ်ဖို့လိုသည်။

အကယ်၍ ခင်ဗျားစိတ်ဝင်စားသည့်နယ်ပယ်၏ ပြင်ပတွင်သာရှိသည့် ရည်မှန်းချက်တစ်ခုဖြစ်နေလျှင်သော်လည်းကောင်း၊ အခြားသူတစ်ယောက်က ကျေနပ်အောင်ချမှတ်သည့် ရည်မှန်းချက်တစ်ခုဖြစ်နေခဲ့လျှင်သော်လည်းကောင်း ထိုရည်မှန်းချက်များထားခြင်းကြောင့် ဆိုးကျိုးများဖြစ်ပေါ်နိုင်သည်။ တစ်ယောက်ယောက်က ခင်ဗျားအတွက် ရည်မှန်းချက်များကို ချမှတ်နေသည့်အခါ ခင်ဗျားအနေဖြင့် မကျေမနပ်ဆောင်ရွက်ရသည့်အခါများတွင် ခင်ဗျား၏ ကြိုးစားအားထုတ်မှုများကို အနှောင့်အယှက်ပေးမှာ သေချာသည်။ အဖျက်သဘောဆောင်သည့် အခြားရည်မှန်းချက်တစ်ခုမှာ ကုသိုလ်ကံကြောင့်ဟု ယူဆတတ်သည့် ရည်မှန်းချက်မျိုး ဖြစ်သည်။ အောင်မြင်သည့်သူများသည် ထိပ်ဆုံးသို့ရောက်သွားကြခြင်းမှာ သူတို့၏ရည်မှန်းချက်များကို တိတိကျကျဖော်ထုတ်ပြီးလျှင် အစွမ်းအစများကို အသုံးချကာ တစ်ချိန်လုံး ကြိုးပမ်းအားထုတ်နေကြခြင်းကြောင့်ပင် ဖြစ်သည်။ သူတို့၏ ထူးချွန်ပေါက်မြောက်မှုသည် သန္နိဋ္ဌာန်ချမှတ်မှုနှင့် မှန်ကန်သောရည်မှန်းချက်ရှိမှုများကြောင့် ဖြစ်သလို ခင်ဗျား၏ အောင်မြင်မှုများသည်လည်း ခင်ဗျား၏ကြိုးပမ်းအားထုတ်မှုများ ကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်။ ။

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ထိပ်ဆုံးမှာတွေ့ကြမယ်" စာအုပ်မှ "ရည်မှန်းချက်ပန်းတိုင်များ၏ စရိုက်လက္ခဏာများ" ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

# ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ဖို့ဆိုတာ ဈေးကြီးကြပ်တဲ့သူတွေက အမြဲတမ်း စောင့်ကြပ်ကြည့်ရှုပြီး လိုအပ်တာတွေကို ပံ့ပိုးကူညီပေးဖို့ လိုပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများ ဆက်လက်ကျဆင်းစေရေး ဆောင်ရွက်ရန်အချက်များနှင့်ပတ်သက်၍ သိကောင်းစရာများ

**လက်ရှိမြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုအခြေအနေနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးကို အောက်တိုဘာ ၁၄ ရက်တွင် တွေ့ဆုံမေးမြန်းခဲ့သည်။**

ထက်လျှံ

မေး။ ။ မြန်မာနိုင်ငံမှာ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုက ၈ ရာခိုင်နှုန်းခန့်မှာ တန်းနေတယ်ဆိုတော့ ဒါနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ အခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းက ၈ ရာခိုင်နှုန်းဝန်းကျင်မှာ တန်းနေတယ်ဆိုတာ တွေ့ရပါတယ်။ ပိုးတွေ့နှုန်းက တန်းနေပေမယ့် ပိုးတွေ့တဲ့လူဦးရေက တစ်ထောင်ဝန်းကျင်အထိ အရေအတွက်အားဖြင့် ကျလာတာကို တွေ့ရပါတယ်။ ကျန်းမာရေးပညာရှင်တွေရဲ့ သုံးသပ်ချက်အရလည်း ပိုးတွေ့နှုန်း ၅ ရာခိုင်နှုန်းအောက်ကျမှ နိုင်ငံမှာရှိတဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေ တော်တော်များများလည်း ပြန်လည်ပြီး လည်ပတ်နိုင်မယ့် သဘောရှိတဲ့အတွက် ပိုးတွေ့ရှိနှုန်းနဲ့ ပိုးတွေ့ရှိသူအရေအတွက် ဆက်လက်ကျဆင်းစေရေး အားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

### စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

လတ်တလော ပိုးတွေ့နှုန်းများနေတဲ့ဒေသတွေကို ပြန်သုံးသပ်ကြည့်တဲ့အခါ ရှမ်းပြည်နယ်မှာ များနေပြီး ရှမ်းတောင်၊ ရှမ်းမြောက်၊ ရှမ်းအရှေ့ ဒီဒေသ သုံးခုလုံးမှာ များနေတာကို တွေ့ရပါတယ်။ နောက်ထပ်များနေတဲ့ဒေသက မန္တလေးတိုင်းဒေသကြီးဖြစ်ပါတယ်။ ဒီနေရာတွေမှာ ပိုးတွေ့ရှိမှုနှုန်းနဲ့ ပိုးတွေ့လူနာ ဆက်လက်ကျဆင်းရေးအတွက်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံပြီး အနီးကပ် လမ်းညွှန်မှာကြားတာတွေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်တာတွေ ပံ့ပိုးပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိကူးစက်ဖြစ်ပွားနေမှုတွေကို သုံးသပ်ကြည့်တဲ့အခါမှာ မြို့ကြီးတွေပေါ်မှာ အတော်နည်းသွားပြီး ကျေးရွာတွေမှာ များလာနေတာကို တွေ့ရပါတယ်။ တချို့ကျေးရွာတွေမှာ ကျေးရွာအလိုက် ရွာထဲကို လူစိမ်းဝင်လို့မရအောင် Lockdown ချတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဆိုင်ကယ်နဲ့ သုံးဘီးဆိုင်ကယ်နဲ့ လာရောက်ရောင်းချတဲ့ ဈေးသည်တွေလာပြီဆိုရင် တစ်ရွာလုံးကထွက်ပြီး စုပြုံဈေးဝယ်ကြပါတယ်။ ဒီလိုနေရာတွေက ရောဂါကူးစက်နိုင်ခြေရှိပါတယ်။ နောက်တစ်ခုက ကျေးရွာတွေကနေ မြို့ပေါ်တက်ပြီး ဈေးဝယ်တဲ့အခါ၊ ဈေးတွေမှာ ကိုဗစ်-၁၉ စည်းကမ်းတွေကို လိုက်နာမှုအားနည်းတဲ့အခါ ဈေးတက်ဝယ်တဲ့သူကတစ်ဆင့် ရွာကို ရောဂါပိုးပါသွားပါတယ်။ ကိုဗစ်-၁၉ ရောဂါမှာ ထူးခြားချက်က ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်သူဖြစ်နေနိုင်တော့ ရွာတွေမှာ ဆက်တိုက်ဆိုသလို မြို့တက်လိုက် ရောဂါပိုးပါလာလိုက်၊ ရွာပြန်သွားလိုက် ပိုးက ဆက်လက်ကူးစက်လိုက် ဖြစ်တတ်ပါတယ်။ ဒီလိုအကြောင်းတွေက ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်း ၈ ရာခိုင်နှုန်းဝန်းကျင်မှာ တန့်နေရခြင်းရဲ့ အကြောင်းရင်းတစ်ရပ်ဖြစ်တာကို တွေ့ရပါတယ်။ ဒ့ါအပြင် မြို့တွေမှာ လူစုလူဝေးဖြစ်နိုင်တဲ့ ကားဂိတ်တို့၊ ဈေးတို့မှာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ အရေးကြီးပါတယ်။

### အားစိုက်ဆောင်ရွက်

ဒီနေရာမှာ အရေးပါတဲ့အချက်အနေနဲ့ ကျေးလက်ဒေသအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေ ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါ ဆက်လက်ကျဆင်းရေးမှာ အလွန်အရေးကြီးတဲ့အတွက် အားစိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရောဂါ ဆက်လက်ကျဆင်းဖို့အတွက်ဆိုရင် ကျေးရွာတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့လည်း ဈေးသွားဝယ်တဲ့အချိန်ကအစ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းတွေကို လိုက်နာဖို့လိုပါတယ်။ ဖြစ်ပွားမှုများပြားနေတဲ့ မြို့တွေကနေ ရွာကိုပြန်မယ့်သူဆိုရင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေနဲ့အညီ သီးသန့်ခွဲခြားနေထိုင်တာကအစ စနစ်တကျ ဆောင်ရွက်ဖို့လိုပါတယ်။ ရွာမှာ ပိုးတွေ့တဲ့သူရှိရင် သီးသန့်ခွဲခြားနေထိုင်စေခြင်း၊ အခြားသူတွေနဲ့ ဆက်လက်မထိတွေ့စေခြင်း၊ ပိုးတွေ့သူကို ကုသရေးစင်တာတွေ ပို့ဆောင်ပေးခြင်း စတဲ့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေကို တစ်ရွာလုံးက အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ ဒါဆိုရင် ဖြစ်ပွားမှုများပြားနေတဲ့နေရာတွေ၊ ကျေးရွာတွေမှာလည်း ရောဂါဖြစ်ပွားမှုတွေ လျော့နည်းလာပြီး တစ်နိုင်ငံလုံး ပိုးတွေ့ရှိမှုနှုန်းအနေနဲ့ မကြာခင် ၅ ရာခိုင်နှုန်းအောက်ကို ရောက်လာမှာဖြစ်ပါတယ်။

> **ပိုးတွေ့နှုန်းက တန်းနေပေမယ့် ပိုးတွေ့တဲ့လူဦးရေက တစ်ထောင်ဝန်းကျင်အထိ အရေအတွက်အားဖြင့် ကျလာတာကို တွေ့ရပါတယ်။ ကျန်းမာရေးပညာရှင်တွေရဲ့ သုံးသပ်ချက်အရလည်း ပိုးတွေ့နှုန်း ၅ ရာခိုင်နှုန်းအောက်ကျမှ နိုင်ငံမှာရှိတဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းတွေ တော်တော်များများလည်း ပြန်လည်ပြီး လည်ပတ်နိုင်မယ့် သဘောရှိတဲ့အတွက် ပိုးတွေ့ရှိနှုန်းနဲ့ ပိုးတွေ့ရှိသူအရေအတွက် ဆက်လက်ကျဆင်းစေရေး အားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ရမှာဖြစ်**

မေး။ ။ ဈေးတွေမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းတွေကို လိုက်နာဆောင်ရွက်ရမယ့်အပိုင်းကိုလည်း သုံးသပ်ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ဈေးတွေမှာ သုံးချောင်းထောက်ခုံတစ်ခုလို နံပါတ်(၁) အနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို စနစ်တကျလိုက်နာကြစေဖို့၊ နံပါတ်(၂) အချက်က ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားဖို့ဖြစ်ပြီး ဈေးဝယ်သူရော ဈေးရောင်းသူပါ ကိုယ့်အလှည့်ကျ ရရှိလာတဲ့ ကာကွယ်ဆေးကို မဖြစ်မနေ အကြိမ်ပြည့် ထိုးနှံထားဖို့၊ နံပါတ်(၃) အချက်က ဈေးတွေမှာ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ/ မရှိ စစ်ဆေးပေးတာတွေ ဆောင်ရွက်ပေးဖို့နဲ့ ဒီလုပ်ငန်းတွေမှာ အားလုံးက ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီလုပ်ငန်းသုံးခုကို စနစ်တကျ အချိတ်အဆက်မိမိ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရင် ဈေးတွေကနေ တစ်ဆင့် ရောဂါကူးစက်မှုတွေ လျော့ကျသွားမှာဖြစ်ပါတယ်။ ဈေးကနေ ရွာကိုပြန်တဲ့အခါ ကိုဗစ်-၁၉ ရောဂါပိုး ပါသွားနိုင်တာတွေကိုလည်း ထိထိရောက်ရောက် တားဆီးနိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ ဈေးတွေမှာ လိုက်နာရမယ့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းတွေမှာ ကျွန်တော်တို့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲအနေနဲ့ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲလို သက်ဆိုင်ရာဌာနခွဲတွေနဲ့ ညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ အတည်ပြုချက်နဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ SOP တွေ၊ လမ်းညွှန်ချက်တွေ ထုတ်ပြန်ရပါတယ်။ ဒီထဲမှာ အရေးကြီးတဲ့ လမ်းညွှန်ချက်တစ်ခုဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွင်း ဈေးဝယ်သူတွေ၊ အိမ်ဆိုင်တွေ၊ ဈေးဆိုင်တွေ၊ ဈေးတွေနဲ့ ဈေးကြီးကြပ်ရေးကော်မတီတွေ တိကျစွာလိုက်နာရမယ့် အချက်တွေဆိုပြီး ဇူလိုင်လ ၆ ရက်နေ့မှာ Version-4.0 အနေနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

### အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်

ပထမဦးစွာ ဈေးဝယ်သူတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေကို တင်ပြလိုပါတယ်။ ဈေးဝယ်သူတွေအနေနဲ့ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စတဲ့ ကိုဗစ်-၁၉ သံသယလက္ခဏာ တစ်ခုခုခံစားနေရရင်၊ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားရာဒေသသို့ ခရီးသွားခဲ့ခြင်းနဲ့ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနဲ့ အနီးကပ်ထိတွေ့ခြင်းရှိပါက အိမ်မှာပဲနေရမှာ ဖြစ်ပါတယ်။ ဈေးဝယ်ထွက်ခြင်း မပြုလုပ်သင့်ပါဘူး။ သက်ဆိုင်ရာကျန်းမာရေးဌာနတွေနဲ့ ချိတ်ဆက်ပြီး စစ်ဆေးတာ၊ ကုသမှုခံယူတာတွေကို အချိန်နဲ့တစ်ပြေးညီ စောစောစီးစီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဈေးဝယ်သူတွေအနေနဲ့ ဈေးက ရောဂါကူးစက်နိုင်ခြေများပြားတဲ့နေရာ တစ်ခုဖြစ်တယ်ဆိုတာကို မဖြစ်မနေ သိရှိထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဈေးဝယ်ခြင်းကို အချိန်အတိုဆုံးဖြစ်ဖို့ ကြိုတင်စီစဉ်ရမှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် နေ့တိုင်း ဈေးမဝယ်ပါနဲ့။ မိသားစုမှာ ဈေးဝယ်မယ့်သူတစ်ဦးကို သတ်သတ်မှတ်မှတ်ထားပါ။ ဈေးဝယ်မယ့်သူအနေနဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာတဲ့သူမျိုး၊ လူငယ်လူရွယ် (သို့မဟုတ်) ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်းခံယူထားသူဖြစ်ရမှာဖြစ်ပြီး အသက် ၆၀ နှစ်အထက်ရှိသူတွေ၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ကင်ဆာ စတဲ့ နာတာရှည်ရောဂါရှိသူတွေအနေနဲ့ ဈေးဝယ်ထွက်ခြင်း မပြုသင့်ပါဘူး။ ဒီလိုရောဂါအခံရှိသူတွေက ရောဂါကူးစက်ခံရရင် ပြင်းပြင်းထန်ထန် ရောဂါခံစားရပြီး အသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်တဲ့အတွက် ဖြစ်ပါတယ်။

### ခပ်ခွာခွာပြောဆိုဆက်ဆံ

နောက်တစ်ခုက ဈေးဝယ်ဖို့ အိမ်ကထွက်တာနဲ့ ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) ကို စနစ်တကျ သေချာတပ်ဆင်ရပါမယ်။ ဈေးဝယ်သူအချင်းချင်း အကြား၊ ဈေးဝယ်သူနဲ့ ဈေးရောင်းသူအကြား အနည်းဆုံး ၆ ပေခန့်အကွာကနေ ခပ်ခွာခွာပြောဆိုဆက်ဆံရပါမယ်။ ငွေလက်ခံကိုင်တွယ်ပြီးတဲ့ အချိန်တိုင်း၊ အများသုံးပစ္စည်းတွေကို ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနဲ့ ရေကိုသုံးပြီး လက်ကို အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျဆေးကြောဖို့၊ ဒါမှ မဟုတ်ရင် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းအထက်ပါတဲ့ ရေမလိုလက်သန့်စင်ဆေးရည်ကို အသုံးပြုရမှာဖြစ်ပြီး ဈေးဝယ်ထွက်ချိန်မှာ ရေမလိုလက်သန့်စင်ဆေးရည်ဘူးငယ်ကို အိမ်က တစ်ပါတည်း ယူဆောင်သွားရမှာဖြစ်ပါတယ်။

လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့ကို ကိုင်တွယ်ခြင်း လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ နှာချေ၊ ချောင်းဆိုးတဲ့အခါ တစ်ရှူးအသုံးပြုပြီးရင်လည်း အဖုံးပါတဲ့ အမှိုက်ပုံးထဲကို စနစ်တကျစွန့်ပစ်ဖို့လိုပါတယ်။ ပြီးရင် အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ လက်ပြန်ဆေးရမှာဖြစ်ပါတယ်။ ဈေးကိုရောက်ရင်လည်း ပါးစပ်နဲ့နှာခေါင်းစည်း စနစ်တကျ တပ်ဆင်မထားတဲ့သူတွေ၊ မေးမှာချိတ်ထားတဲ့သူတွေထံက လုံးဝဈေးမဝယ်ပါနဲ့။ ဈေးဝယ်ရာကနေ အိမ်ကိုပြန်လာရင်လည်း ပါးစပ်နဲ့နှာခေါင်းစည်း (Mask) ကို အိမ်အပြင်မှာ စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပါတယ်။ ပြီးရင် ဆပ်ပြာနဲ့ရေ အသုံးပြုပြီး လက်ကို စနစ်တကျ ဆေးဖို့လိုပါတယ်။

ဈေးကဝယ်လာတဲ့ပစ္စည်းတွေကို အိတ်တွေထဲက ထုတ်ပြီး ရေနဲ့သေချာဆေးကြောပါ။ ဈေးသွားတုန်းက ဝတ်ဆင်တဲ့အဝတ်အစားတွေကို အိမ်ရောက်တာနဲ့ ချက်ချင်းလဲလှယ်ပါ။ ဖြစ်နိုင်ရင် ဆပ်ပြာရေနဲ့ နာရီဝက်လောက်စိမ်ပြီးမှ လျှော်ပါ။ ရေမချိုးခင်၊ အဝတ်အစားမလဲခင်၊ လက်မဆေးရသေးခင် အိမ်သားတွေနဲ့ အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

မေး။ ။ ဈေးရောင်းသူတွေအနေနဲ့ ဘယ်လိုလိုက်နာ ဆောင်ရွက်ရမယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ဈေးရောင်းသူတွေအနေနဲ့ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စတဲ့ ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုခံစားရမယ်၊ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားတဲ့ဒေသကို ခရီးသွားခဲ့မယ်၊ ရောဂါအတည်ပြုလူနာနဲ့ အနီးကပ်ထိတွေ့ခြင်းတွေရှိရင် အိမ်မှာပဲ အနားယူပါ။ ဈေးရောင်းမသွားပါနဲ့။ ကိုယ်က ပိုးရှိတဲ့သူဖြစ်နိုင်ပါတယ်။ ကိုယ့်မှာ ရောဂါပိုးရှိခဲ့ရင် ဈေးမှာ ကိုယ့်ဆီကတစ်ဆင့် တခြားသူတွေကို ထိတွေ့ကူးစက်မှာစိုးတဲ့အတွက် ဖြစ်ပါတယ်။ သက်ဆိုင်ရာကျန်းမာရေးဌာနထံ စောစောစီးစီး သတင်းပို့ပြီး ဆက်သွယ်ဆောင်ရွက်ဖို့ လိုပါတယ်။

စာမျက်နှာ ၁၇ သို့ ✻

✻ စာမျက်နှာ ၁၆ မှ

နောက်ပြီး ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်စတဲ့ ရောဂါအခံရှိသူတွေအနေနဲ့ ဖြစ်နိုင်ရင် ဈေးမရောင်းပါနဲ့။ စားဝတ်နေရေးအရ ရောင်းရမယ်ဆိုရင်လည်း အကာအကွယ်တွေကို သေချာသုံးဖို့၊ လူတွေနဲ့ထိတွေ့မှုနဲ့ ထိတွေ့ချိန်နည်းဖို့ လိုပါတယ်။ ဈေးဆိုတာက ကိုဗစ်-၁၉ ကူးစက်နိုင်ခြေ ပိုမိုများပြားတဲ့ နေရာဖြစ်တဲ့အတွက် ဈေးရောင်းချရာမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှာကို အထူးသတိပြုရမှာဖြစ်ပါတယ်။ ဈေးရောင်းချသူနဲ့ ဈေးဝယ်သူကြားမှာတတ်နိုင်သရွေ့ ခြောက်ပေ၊ အနည်းဆုံး သုံးပေ အကွာဖြစ်နိုင်ဖို့ စီစဉ်ထားပါ။ နောက်ပြီး Mask ကို စနစ်တကျမတပ်ဆင်ဘဲ ဈေးမရောင်းပါနဲ့။ လူများများတိုးပြီး ဝယ်ယူရောင်းချရတဲ့ ဈေးဆိုင်တွေဆိုရင် ဈေးရောင်းချသူက Mask အပြင် Face Shield ပါ တပ်ရမှာဖြစ်ပါတယ်။

Mask ကို မေးစေ့မှာ ချိတ်မထားသင့်ပါဘူး၊ အဲဒီလို မေးချိတ်တဲ့သူတွေဆိုရင် အကာအကွယ်မရဘဲ မေးမှာကပ်နေတဲ့ ရောဂါပိုးရှိနေရင်တောင် ပြန်ပြီး တပ်လိုက်တဲ့အချိန်မှာ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားနိုင်တာဖြစ်ပါတယ်။ နောက်အရေးကြီးတဲ့အချက်တစ်ခုက ဈေးရောင်းချတဲ့နေရာ၊ ဈေးဆိုင်ဝန်းကျင်မှာ လေဝင်လေထွက်ကောင်းဖို့ အရေးကြီးပါတယ်။ နောက်တစ်ချက်အနေနဲ့ ငွေနဲ့ အများသုံးပစ္စည်းတွေကို ကိုင်တွယ်ပြီးတိုင်း လက်ကိုစက္ကန့် ၂၀ ကြာအောင်ဆေးဖို့ (သို့မဟုတ်) လက်သန့်စင်ဆေးရည်သုံးဖို့၊ ဈေးရောင်းသူတွေကလည်း လက်မဆေးဘဲ မိမိရဲ့ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်တို့ကို မကိုင်မိဖို့လိုပါတယ်။ ဖြစ်နိုင်ရင် ဆိုင်ကြီးတွေအနေနဲ့ လက်ဆေးဖို့နေရာ စီစဉ်ပေးထားဖို့လိုပါတယ်။

လူအများ ထိတွေ့တဲ့နေရာဖြစ်တဲ့ ငွေရှင်းကောင်တာ၊ အဝင်အထွက်တံခါးလက်ကိုင်၊ ဈေးဝယ်ခြင်းတောင်းလက်ကိုင်၊ လက်တွန်းလှည်းလက်ကိုင်တွေကို အယ်လ်ကိုဟော ၇၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းပါဝင်တဲ့ ပိုးသန့်စင်ဆေးရည်နဲ့ မကြာခဏ ပွတ်တိုက်သန့်စင်ရမှာ ဖြစ်ပါတယ်။ ကြမ်းပြင်တွေကို သန့်စင်တဲ့အခါ ဆပ်ပြာနဲ့ ဦးစွာကြမ်းတိုက်ပြီး မိနစ် ၃၀ လောက်အကြာမှာ ရေစိုအဝတ်နဲ့ ပြန်ပြီး ပွတ်တိုက်တာတွေ လုပ်ဆောင်သင့်ပါတယ်။

**မေး။ ။ ဈေးကြီးကြပ်သူတွေအနေနဲ့ လိုက်နာဆောင်ရွက်သင့်တာတွေကိုလည်း ဆွေးနွေးပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ဖို့ဆိုတာ ဈေးကြီးကြပ်တဲ့သူတွေက အမြဲတမ်းစောင့်ကြပ်ကြည့်ရှုပြီး လိုအပ်တာတွေကို ပံ့ပိုးကူညီပေးဖို့လိုပါတယ်။ ဈေးအတွင်း လက်ဆေးဖို့ နေရာ၊ ဆပ်ပြာနဲ့ ရေ (သို့မဟုတ်) လက်သန့်ဆေးရည်ထားရှိပေးခြင်းတွေအပြင် ပါးစပ်နှာခေါင်းစည်း Mask တွေ ရောင်းတဲ့နေရာတွေ ထားရှိပေးခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ဈေးကြီးကြပ်ရေးကော်မတီတွေအနေနဲ့ ပါးစပ်နှာခေါင်းစည်း Mask မတပ်ဆင်ပါက ဈေးအတွင်း ဈေးဝယ်ခြင်း ဈေးရောင်းချခြင်းများကို လုံးဝဆောင်ရွက်ခွင့် မပြုပါဆိုတာမျိုးတွေကို အသိပညာပေးအနေနဲ့ ဆောင်ရွက်သင့်ပါတယ်။ ကြီးကြပ်ရေးကော်မတီတွေအနေနဲ့ ဈေးအတွင်း ဈေးဆိုင်တန်းတွေကို လေဝင်/လေထွက် ကောင်းအောင်၊ ဈေးဝယ်တဲ့အခါမှာလည်း လူစုလူဝေးမဖြစ်အောင် စနစ်တကျစောင့်ကြပ်ကြီးကြပ်ပေးဖို့ လိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ဈေးရောင်းချသူ၊ ဈေးဝယ်သူတွေက အတိအကျလိုက်နာဖို့ ပညာပေးမယ်၊ ရှောင်တခင် ဝင်ရောက်စစ်ဆေးမယ်၊ စဉ်ဆက်မပြတ် ဆန်းစစ်ကြပ်မတ်မယ်၊ ဒါတွေဆောင်ရွက်ပြီး လိုက်နာဖို့ပျက်ကွက်သူတွေကို စည်းရုံးခြင်း၊ ပညာပေးခြင်းတွေကို ဆောင်ရွက်ဖို့လိုပါတယ်။

အချုပ်အားဖြင့် ဈေးတွေမှာ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းတွေကို ဈေးဝယ်သူ၊ ဈေးရောင်းသူ၊ ဈေးကြီးကြပ်ရေးအဖွဲ့တွေ အားလုံးပူးပေါင်းပြီး ဆောင်ရွက်လိုက်ရင် စည်းကမ်းလိုက်နာမှုတွေပိုမိုကောင်းမွန်လာမယ်၊ ဈေးရောင်းချသူ၊ ဈေးဝယ်သူတွေအနေနဲ့လည်း ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူထားမယ်၊ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးမှုတွေကိုလည်း ရံဖန်ရံခါ ဆောင်ရွက်မယ်ဆိုရင် ဈေးတွေရဲ့ သဘောသဘာဝအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု များပြားနိုင်တဲ့နေရာဖြစ်ပေမယ့် ဈေးကတစ်ဆင့် ရောဂါကူးစက်မှုတွေလျော့ကျအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။




## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

**ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့်**
ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍
အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက်ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊
၂။ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို အမြဲတပ်ဆင်ရန်၊
၃။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask) တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊
၄။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ဆောင်ရွက်ရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်၊
၅။ ကျောင်းသို့လာသည့် ကျောင်းသားများကို စာသင်ကျောင်းဂိတ်ဝတွင် အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာနိုင်ရေး၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက် ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများတွေ့ရှိပါက တာဝန်ရှိသူ(သို့) နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊
၆။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှု အခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4)နှင့်အညီ ကျောင်းနှင့် စာသင်ခန်းများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ကျောင်းအုပ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊
၇။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာမှသာ ပြောဆိုဆက်ဆံ၍ ကျောင်းလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
၈။ အတန်းတွင်းသင်ကြားသင်ယူခြင်းနှင့် လူစုလူဝေးဖြစ်စေမည့် အစည်းအဝေးများ၊ ကျောင်းတွင်း လှုပ်ရှားမှုများဆောင်ရွက်ခြင်းကို ခပ်ခွာခွာနေခြင်း(Social Distancing) မှုနှင့်အညီ ဆောင်ရွက်ရန်၊
၉။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံးနှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊
၁၀။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊

☆ ချယ်လ်ဆီးအသင်းမှ

ဒုတိယပိုင်းပွဲကစားချိန် ၄၇ မိနစ်မှာ အက်ဒမ်က ဆောက်သမ်တန်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့တာကြောင့် သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ချယ်လ်ဆီးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ဟာ ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပြီး ချယ်လ်ဆီးအသင်းက ပင်နယ်တီအဆုံးအဖြတ်မှာ လေးဂိုး-သုံးဂိုးနဲ့ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့ကာ ကာရာဘောင်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ လိဒ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာတော့ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ အာဆင်နယ်အသင်းက ပွဲကစားချိန် ၅၅ မိနစ်မှာ ချမ်ဘာ၊ ၆၉ မိနစ်မှာ အင်န်ကီတီယာတို့ရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် လိဒ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကျူပီအာအသင်းနဲ့ ဆန်းဒါးလန်းအသင်းတို့ပွဲစဉ်မှာတော့ သာမန် ပွဲကစားချိန်အတွင်းမှာ ဂိုးမရှိသရေထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ဆန်းဒါးလန်းအသင်းက ကျူပီအာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ကာရာဘောင်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# ညောင်ဦးခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၄၅၂၀၂ ဦး ထိုးနှံပေးခဲ့

**ညောင်ဦး အောက်တိုဘာ ၂၇**

ညောင်ဦးခရိုင်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပေးနိုင်မှုအခြေအနေမှာ အောက်တိုဘာ ၂၇ ရက်အထိ ၁၄၅၂၀၂ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ပထမအကြိမ် Sinopharm ကိုဗစ်ကာကွယ်ဆေးထိုးပေးနိုင်မှု ၄၅၈၇၀၊ Sinopharm ဒုတိယအကြိမ် ၁၇၈၀၀၊ Sinovac ပထမအကြိမ် ၃၁၀၆ ဦး၊ Sinovac ဒုတိယအကြိမ် ထိုးပေးနိုင်မှု ၁၂၀၀ စုစုပေါင်း ၆၇၉၇၆ ဦး ထိုးပေးနိုင်ခဲ့ပြီဖြစ်ကာ ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ပထမအကြိမ် ထိုးပေးနိုင်မှု ၅၇၄၄၉ ဦး၊ ဒုတိယအကြိမ် Sinopharm ထိုးပေးနိုင်မှု ၁၅၃၅၅ ဦး၊ Sinovac ပထမအကြိမ် ထိုးပေးနိုင်မှု ၄၄၂၂ ဦး ထိုးပေးနိုင်ခဲ့ရာ ညောင်ဦးခရိုင်၌ စုစုပေါင်း ၁၄၅၂၀၂ ဦး ထိုးပေးနိုင်ပြီဖြစ်သည်။

ကိုထိန်



# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၅၉၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၀၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၆-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၀၅၉၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၀၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄ ဒသမ ၈၇) ရာခိုင်နှုန်းရှိပါသည်။**

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၇၉၁,၈၄၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၆,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၅၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၁,၈၈၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၆၀၃) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၂,၇၉၈,၃၂၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၆,၆၂၉,၀၅၉) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၃၆၉,၂၆၃) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၁၉,၂၂၇,၃၈၁) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၇-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၄၉) ခု | (၂၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၁) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၁၅) ခု | (၂၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂) ခု | (၉) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၅) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၈) ခု | (၂၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၅၁) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၃၅) ခု | (၄၈) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၁၄၈) ခု | (၆၃၅) ဦး |
| စုစုပေါင်း | (၂၀,၅၉၄) ခု | (၁,၀၀၃) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၆-၁၀-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၆၉,၂၆၃) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၆,၄၂၉,၀၅၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၂,၇၉၈,၃၂၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၉,၂၂၇,၃၈၁) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၄၉၈၃၃၉ | ၃၆၃၇၅၁၈၉ | ၇၅၉၉၃၉ |
| ၂။ | အိန္ဒိယ | ၃၄၂၁၅၆၅၃ | ၃၃၅၉၇၃၃၉ | ၄၅၅၆၈၄ |
| ၃။ | ဘရာဇီး | ၂၁၇၄၈၉၈၄ | ၂၀၉၄၄၀၈၇ | ၆၀၆၂၉၃ |
| ၄။ | ဗြိတိန် | ၈၈၅၃၂၂၇ | ၇၁၉၈၄၀၈ | ၁၃၉၈၃၄ |
| ၅။ | ရုရှား | ၈၃၅၂၆၀၁ | ၇၂၄၂၇၃၅ | ၂၃၃၈၉၈ |
| ၆။ | တူရကီ | ၇၉၀၉၁၁၁ | ၇၃၄၆၂၇၉ | ၆၉၅၅၉ |
| ၇။ | ပြင်သစ် | ၇၁၃၃၇၆၆ | ၆၉၂၁၁၄၆ | ၁၁၇၅၅၅ |
| ၈။ | အီရန် | ၅၈၈၈၁၀၀ | ၅၄၅၅၃၂၉ | ၁၂၅၇၁၆ |
| ၉။ | အာဂျင်တီးနား | ၅၂၈၃၀၀၀ | ၅၁၄၉၁၈၁ | ၁၁၅၈၆၆ |
| ၁၀။ | စပိန် | ၅၀၀၄၁၄၃ | ၄၈၅၉၄၁၅ | ၈၇၂၃၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၁၈၀၉ | ၄၀၈၅၇၇၆ | ၁၄၃၂၉၉ |
| ၂။ | ဖိလစ်ပိုင် | ၂၇၆၈၈၄၉ | ၂၆၇၆၃၄၉ | ၄၂၃၄၈ |
| ၃။ | မလေးရှား | ၂၄၄၂၂၄ | ၂၃၄၀၃၉၀ | ၂၈၅၇၆ |
| ၄။ | ထိုင်း | ၁၈၇၅၃၁၅ | ၁၇၅၈၂၉၇ | ၁၈၉၂၂ |
| ၅။ | ဗီယက်နမ် | ၉၀၀၅၈၅ | ၈၁၂၃၁၄ | ၂၁၈၅၆ |
| ၆။ | မြန်မာ | ၄၉၆၉၀၁ | ၄၆၁၈၈၃ | ၁၈၆၀၃ |
| ၇။ | စင်ကာပူ | ၁၇၉၀၉၅ | ၁၄၈၄၀၈ | ၃၃၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၈၁၁၁ | ၁၁၃၇၉၁ | ၂၇၅၈ |
| ၉။ | လာအို | ၃၇၇၅၁ | ၃၀၈၁၃ | ၅၉ |
| ၁၀။ | ဘရူနိုင်း | ၁၂၇၁၀ | ၁၀၂၇၅ | ၈၂ |




# “မြူးကြွလှုပ ရောင်စုံည”တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

“မြူးကြွလှုပ ရောင်စုံည” တေးဂီတဖျော်ဖြေပွဲ ပွဲစဉ် (၅)ကို အောက်တိုဘာ ၂၉ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို “မြန်မာ့အသံတေးဂီတအဖွဲ့” ၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ မယ်လိုဒီ၊ ဂျင်းနီ၊ မိုးယံဇွန်၊ ဘုန်းသစ်၊ ယဉ်လတ်၊ ရွှေဖြူနှင့် သဥ္ဇာမြင့်မိုရ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၃၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၃၈)ကို အောက်တိုဘာ ၂၉ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ် (၃၈)၏ကိုဗစ်-၁၉ ဆိုင်ရာအသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ဒိန်းဒေါင်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ (၂၉၊ ၃၀၊ ၃၁) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

■




## အနုပညာ



# လူမှုကွန်ရက်မီဒီယာတွေကို အသုံးမပြုတဲ့ ဒန်နီရယ်ခရက်

နောက်ဆုံးဂျိမ်းစ်ဘွန်းမင်းသားကြီး ဒန်နီရယ် ခရက်ဟာသူ့ရဲ့ဘဝမှာ လူမှုကွန်ရက်မီဒီယာ တွေကို အသုံးပြုခဲ့ခြင်းမရှိကြောင်း အေးရှား ဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒန်နီရယ်ခရက်ဟာ လူမှုကွန်ရက် မီဒီယာနဲ့ အမျိုးမျိုးသော အပလီကေးရှင်း တွေကို လုံးဝစိတ်မဝင်စားသူတစ်ဦးဖြစ်ပါ တယ်။ ဒါကြောင့် သူဟာ ဂျိန်းစ်ဘွန်း မင်းသားအဖြစ်မှ အနားယူပြီးနောက်ပိုင်း မှာလည်း အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်၊ တွစ်တာအစရှိတဲ့ လူမှုကွန်ရက်မီဒီယာ တွေနဲ့ သူ့ရဲ့အချိန်တွေကို ကုန်ဆုံးစေမှာ မဟုတ်ကြောင်းလည်း သိရပါတယ်။

မဂ္ဂဇင်းတစ်ခုနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာ ဗျူးမှာ ဒန်နီရယ်ခရက်က သူ့ဘဝမှာ လူမှုကွန်ရက် မီဒီယာတွေကို ဘယ်တော့မှ အသုံးပြုမှာ မဟုတ်ကြောင်း ပြောကြား ခဲ့ပါတယ်။ ဒန်နီရယ်ခရက်က သူ့ရဲ့ကိုယ်ပိုင် ဘဝကို သီးခြားနေထိုင်ရတာကို ကြိုက်နှစ် သက်ပြီး အများရဲ့ မျက်စိအောက်မှာ နေထိုင်ရတဲ့ ဘဝကို မနှစ်သက်ကြောင်း လည်း အဆိုပါအင်တာဗျူးမှာ ထည့်သွင်း ဖြေကြားခဲ့ပါတယ်။

**အေးပြည့် - စုစည်းသည်**

# တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ ခါအီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ EXO ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခါအီဟာ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီး မကြာမီမှာ ပရိသတ်ရှေ့ အရောက် ပြန်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက် တွေအရ သိရပါတယ်။

အောက်တိုဘာ ၂၆ ရက်မှာ ဒေသတွင်း မီဒီယာတစ်ခုက ခါအီ အနေနဲ့ လာမယ့်နိုဝင်ဘာလအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်နေကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါ သတင်းနဲ့ပတ်သက် ပြီး အေဂျင်စီက သတင်းမှာ မှန်ကန်ကြောင်း၊ ခါအီအနေနဲ့ တစ်ကိုယ် တော်တေးသီချင်းသစ်တွေ စီစဉ်နေပြီး တစ်ကိုယ်တော် တေးအယ်လ် ဘမ်သစ်ကို လာမယ့်နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်နေကြောင်း အတည်ပြုခဲ့ပါတယ်။

# အက်ဒ်ရှီရန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

ဗြိတိန်တေးသံရှင် အက်ဒ်ရှီရန်ဟာ လတ်တလောမှာ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခဲ့ရာမှာတော့ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်းကို အက်ဒ်ရှီရန်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေး ခဲ့တာပါ။ လက်ရှိမှာ အက်ဒ်ရှီရန်ဟာ သီးခြားခွဲကာ နေထိုင်ရင်းက အစိုးရက ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာနေထိုင်လျက်ရှိ ကြောင်း တစ်ပါတည်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီလို ရောဂါကူးစက်ခံထားရပေမယ့် အက်ဒ်ရှီရန်က သူ့အနေနဲ့ စီစဉ်ခဲ့ပြီးဖြစ်တဲ့ အင်တာဗျူးတွေကို သီးခြားခွဲနေထိုင်စဉ်ကာလ အတွင်းမှာပင် ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း ဆိုပါတယ်။ ဒ့ါအပြင် အက်ဒ်ရှီရန်က သူ့အနေနဲ့ သီးခြားနေထိုင်စဉ်ကာလအတွင်း အခြားသူ တွေနဲ့ လူချင်းတွေ့ဆုံနိုင်ခြင်းမရှိပေမယ့် သူ့ရဲ့အနုပညာလှုပ်ရှားမှု အစီအစဉ်တွေအနက် အွန်လိုင်းကနေတစ်ဆင့် ပြုလုပ်လို့ရနိုင်မယ့် အင်တာဗျူးနဲ့ ဖျော်ဖြေတင်ဆက်မှုတွေကိုတော့ လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း ပြောပါတယ်။

လက်ရှိမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ယခုသီတင်းပတ်အတွင်း ထွက်ရှိမှာဖြစ်ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်တဲ့ အရောင်းမြှင့်တင်ရေး လုပ်ငန်းတွေအတွက် တေးသီချင်းဖျော်ဖြေမှုတွေနဲ့ အင်တာဗျူးတွေ ပြုလုပ်ဖို့ရာ ရှိနေတာဖြစ်ပါတယ်။

■

# ရုပ်သံဇာတ်လမ်းတွဲသစ်အတွက် ဆွေးနွေးနေတဲ့ ကင်ဆိုးယွန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ကင်ဆိုးယွန် ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်ဖို့ရာ လတ်တလောမှာ ဆွေးနွေးနေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေ အရ သိရပါတယ်။


ကင်ဆိုးယွန်ဟာ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင် Tale of the Nine-Tailed 2 မှာ ပါဝင်ဖို့ရာ လတ်တလောမှာ ဆွေးနွေးနေကြောင်း အောက်တိုဘာ ၂၇ ရက်မှာ သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ အဆိုပါဇာတ်လမ်းတွဲမှာ ကင်ဆိုးယွန် ဟာ မင်းသားလီဒေါင်ဝတ်နဲ့ တွဲဖက်သရုပ်ဆောင်ရမှာလည်းဖြစ် ပါတယ်။ အဆိုပါသတင်းနဲ့ပတ်သက်ပြီး သူ့ရဲ့အေဂျင်စီက ယင်း ဇာတ်လမ်းတွဲဟာ လက်ရှိမှာ ကင်ဆိုးယွန်ကို ကမ်းလှမ်းထားတဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး လက်ရှိအချိန်အထိတော့ လက်ခံဖို့ အတည်ပြုနိုင်ခြင်း မရှိသေးဘူးလို့ ဆိုပါတယ်။

အဆိုပါရုပ်ရှင်ရဲ့ ဒုတိယရာသီအတွက် ဇာတ်လမ်းတွဲသစ်မှာ အပိုင်း ၁၆ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ မြို့ထဲမှာ လျှို့ဝှက်နေထိုင်နေတဲ့ အမြီးကိုးချောင်းပါရှိတဲ့ မြေခွေးအကြောင်း ဖော်ထုတ်တဲ့ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ပထမရာသီမှာတော့ လီဒေါင်ဝတ်နဲ့အတူ ဂျိုဘိုအာ၊ ကင်ဘမ်တို့က ပါဝင်သရုပ်ဆောင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်လွှင့် ပြသခဲ့တာဖြစ်ပါတယ်။

■



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

“ဘုရား၊ ဘုရားငှါမှာ သူပြောသလို ကလေးများ ရှိနေပြီလား” ခင်ခင်ကြီး ချောက်ချားစွာ တွေးသည်။ ဖြစ်စဉ်အားလုံးကို အစမှသည် အဆုံးတိုင် အောင်စဉ်းစားသည်။ သည်တော့လည်း ရင်မှာမောသည်။ ကျပ်သည်။ အသက်ရှူပင် မဝချင်။

ကလေးရှိသည်ဆိုရင် ဝမ်းဗိုက်ကြီး ဖောင်းလာမည်ကို မြင်ယောင်သည်။ သည်လိုပင် ဗိုက်ကြီးတကားကားနှင့် ဝမ်းကြီးသည်တွေကို မြင်ဖူးပေါင်းများလှပြီ။ ပြီး နာနာကျင်ကျင် မွေးဖွားရတတ်သည် ဆိုလေသည်။

အခြားအရာတွေကို ထားပါဘိ။ ဝမ်းဗိုက်ကြီးဖောင်းလာမည်ကို ခင်ခင်ကြီး ကြောက်လှသည်။ သည်အတိုင်းဆိုလျှင် ခိုးထုပ်ခိုးထည်နှင့် အမိခံရသည်နှင့် တူနေပေရော့မည်။ ဖေဖေ မေမေတို့သာမက တစ်ရပ်တစ်ရွာလုံးက သိလာကြလိမ့်မည်ဟု ထင်သည်။ ဖေဖေ မေမေတို့သာ သိသွားလေလျှင် ဘာတွေဖြစ်မည်မသိ။ မစဉ်းစားရဲ အောင်ပါပဲလား။

မည်သို့လုပ်ရမည် မသိတတ်။ မည်သို့ ကြံရမည် မတွေးတတ်။ သည်အကြောင်းကို မောင်မောင်ဦးထံ စာရေးလိုက်ရလျှင် ကောင်းလေမည်လား။ စာရေးဖို့ ဆိုသည်ကိုလည်း လက်ကမရဲ။ စိတ်က မဝံ့။ ရှက်ရွံ့စဖွယ် ဖြစ်နေမည်ထင်သည်။ မကြားဝံ့မနာသာ အဖြစ်မျိုးဟု အတွေးရောက်သည်။

မိမိကိုယ်ကိုယ် မိုက်လုံးကြီးသည် ထင်၏။ အ,ပါပေ့ဟူ၍ မိမိကိုယ်ကို အပြစ်တင်မိသည်လည်း အကြိမ်ကြိမ်။ မောင်မောင်ဦးနှင့် ဆုံတွေ့ရသည့်ညများက သူ့ဘဝတွင် မြတ်နိုးဖွယ်ဖြစ်သော အရာတစ်ခုကို အဆုံးရှုံးခံလိုက်ရသည်ဟူ၍တော့သိသည်။ သို့ပေမဲ့ မည်သို့သော ဆုံးရှုံးမှုဟူ၍ တွက်ဆတတ်ခြင်း မရှိခဲ့။ မောင်မောင်ဦးသည် သူ့ထံမှ တစ်စုံတစ်ခုကို ယူသွားသည်ဟု ထင်သည်။ မည်သည့်နည်းဖြင့် ယူသွားသည် ဆိုခြင်းကို သဘောမပေါက် နာကျင်ဖွယ်၊ လှိုက်မောဖွယ် အထိအတွေ့တစ်ရပ်ဟူ၍သာ ထင်ခဲ့သည်။ စင်စစ်သည်စဉ်က သူကိုယ်တိုင်ပင် ယင်းအထိအတွေ့၌ သာယာမိခဲ့သည်လည်း အမှန်ပင်။ သည်ကိစ္စမျိုးနှင့် စပ်လျဉ်း၍ ခင်ခင်ကြီးမှာ ဗဟုသုတမရှိ။ အတွေ့အကြုံမရှိ။ အိမ်မှာရှိကြလေသော မိန်းမများမှာလည်း ယင်းကိစ္စမျိုးများ ကင်းရှင်းသည်။ မေမေဆိုလျှင် သူ့အား မွေးဖွားခဲ့ပြီးနောက် နောက်ထပ် သားသမီးမရှိခဲ့လေတော့။ သို့ဖြစ်၍လည်း ခင်ခင်ကြီး သည်မျှ မိုက်တွင်းနက်မိခြင်း ဖြစ်ကောင်းသည်။

သို့ဖြင့် ခင်ခင်ကြီး၏စိတ်မှာ မငြိမ်။ ယောက်ယက်ခတ်မျှ လှုပ်ရှားရသည်။ အစဉ်လိုပင် ကတုန်ကယင်ရှိသည်။ ညအခါများတွင်လည်း အိပ်မပျော်နိုင်။ အတွေးဝင်္ကပါအလယ်ဝယ် မျောပါရင်း မိုးစင်စင်လင်းရသည့်ညများ မနည်းတော့။

သည်အတွင်း မဝင်းရီနှင့်ကိုကိုတို့ကိစ္စက တစ်မျောင့်။

ခင်ခင်ကြီးထံသို့ မဝင်းရီလာသည်။ ကျောင်းမုန့်စားလွှတ်ချိန်မှာ ရောက်လာခြင်းဖြစ်သည်။ မဝင်းရီ၏မျက်နှာမှာ မရွှင်။ ကိုကိုနှင့်ပတ်သက်၍ တိုင်ကြားသည်။ စာမလာသည်မှာ ကြာပြီဆိုသည့်အကြောင်း။ စင်စစ် မဝင်းရီထံသို့သာ ကိုကို စာမရေးဘဲနေသည်မဟုတ်။ အိမ်သို့လည်း စာမရေးဘဲနေခဲ့ကြောင်း ပြောရသည်။ ကိုယ့်အပူနှင့်ကိုယ်မို့ သူ့အပူကို ဝေမျှမခံနိုင်။ သူ့ဒုက္ခထက် ကိုယ့်ဒုက္ခကြီးသည်ဆိုခြင်းကို ဖွင့်၍ ပြောလိုက်ချင်တော့သည်။

ယခုတလော မောင်မောင်ဦးကိုယ်၌က ဖွဖွဖောက်လာသည်။ စာအလာကျဲသည်။ စာလာပြန်လျှင်လည်း အရေးနည်းသည်။ စာမှာ သုံးလေးကြောင်းပင်အနိုင်နိုင်။ စာမေးပွဲနီး၍ဟု အကြောင်းပြသည်။ ကိုယ်တိုင်စာမေးပွဲအတွက် ထိုက်သင့်သလောက် ပြင်ဆင်နေရသောကြောင့် သူ့အဖြေမှာ ဟုတ်တန်စကောင်း၏ ထင်သည်။ မတ်လ ပထမအပတ်မှစ၍ မောင်မောင်ဦးထံမှ စာမလာ။ သူကလည်း မရေးဖြစ်တော့ပေ။

စာမေးပွဲဖြေချိန်မှာ ငရဲသို့ကျရသည့်နှယ်ဖြစ်သည်။ စာတွင် စိတ်ဝင်စား၍ မရခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် မေးခွန်းလွှာတိုင်းကိုပင် ဖြေဆိုနိုင်ခြင်း မရှိ။ တောင်ရေးမြောက်ရေးနှင့်ပင် အချိန်များကို ကုန်ဆုံးပစ်ရသည်။ စာမေးပွဲ မြန်မြန်ပြီးပါစေတော့ ဆုတောင်းသည်။ စာမေးပွဲနောက်ဆုံးနေ့မှာ စိတ်အချမ်းသာရဆုံးနေ့ဖြစ်သည်။

ထိုနေ့မှာပင် ခင်ခင်ကြီး၏သူငယ်ချင်းက စကားဆိုလာသေးသည်။

“ခင်ခင်ကြီး ငါတော့ ညည်းကို မသင်္ကာဘူး၊ နည်းနည်းမှမသင်္ကာဘူး။ ညည်းကို ကြည့်ရတာ ပိုပြီးလေနေတယ်။ ပိုပြီးဖျော့တော့နေတယ်” စသည်ဖြင့် အစချီသည်။

“ညည်းနဲ့ ငါနဲ့ဟာ သူငယ်ချင်းပဲ။ ဒီလောက်တောင် လျှို့ဝှက်နေစရာမလိုပါဘူး။ တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင်ပေါ့။ ငါ့ကို အမှန်အတိုင်းဖွင့်ပြောစမ်း ခင်ခင်ကြီး။ ညည်း တစ်ယောက်ယောက်နဲ့”

သူငယ်ချင်းဖြစ်သူ၏ စကားမဆုံးမီပင် ခင်ခင်ကြီး ဖြတ်ပြောလိုက်သည်။

“တော်စမ်းပါအေ။ ညည်းမလည်း ကိုယ့်ဒုက္ခကိုယ်ရှာပြီး အလကားနေရင်း သူများကို သင်္ကာမကင်းဖြစ်နေတာပဲ။ ညည်းပဲစဉ်းစားကြည့်ပါဦး ငါတို့အိမ်က ဘယ်လောက်စည်းကမ်းကြီးတယ်။ ဘယ်လောက်ချုပ်ချယ်တယ်ဆိုတာ ညည်းအသိသားနဲ့။ ရည်းစားထားဖို့နေနေ သာသာ ဒီအတိုင်းတောင် ဘယ်လိုလုပ်နေရမှန်းမသိဘဲနဲ့ဥစ္စာ”

“မသိပါဘူးအေ။ အတော်ကြာ မတော်တရော်တွေဖြစ်လာမှာစိုးလို့ပြောနေရတာပါ”

“ငါ့ဟာငါ ဘာဖြစ်ဖြစ်ပေါ့။ တကယ်လည်းဖြစ်တယ်ထားပါဦး။ ညည်းအပူ တစ်ပြားသားမှမပါပါဘူး”

ခင်ခင်ကြီး စိတ်ဆိုးမာန်ဆိုး ကြိမ်းသည်။ အမေးခံရသည်ကိုပင် စိတ်မရှည်နိုင်သလိုဆိုသည်။ သူငယ်ချင်းဖြစ်သူသည် စကားဆက်မလာလေတော့။ ဘာမျှမပြောတော့။

ကိုကိုတို့ မောင်မောင်ဦးတို့ စာမေးပွဲမှာ ခင်ခင်ကြီးတို့ထက် ရက်အနည်းငယ်နောက်ကျသည်။ စာမေးပွဲပြီးလျှင် ကိုကိုရော မောင်မောင်ဦးပါ မြို့သို့ပြန်လာကြလိမ့်မည်ဟု ခင်ခင်ကြီး ယူမှတ်သည်။ စောင့်မျှော်၍လည်း နေရသည်။

ဘာပဲဖြစ်ဖြစ် မောင်မောင်ဦးမြို့သို့ ပြန်လာလျှင် သူ၏အကြောင်းကို ဖွင့်ပြောမည် စိတ်ကူးသည်။ သူ့ထံမှ အကြံဉာဏ်ကို တောင်းရမည်။ သူ့အဆုံးအဖြတ်ကို နာခံရမည်။

စင်စစ်တွင် ခင်ခင်ကြီးသည် ကိုကိုလိုမဟုတ်။ သတ္တိရှိသည်။ အဖြစ်အပျက်များကို ဖေဖေတို့အသိမခံ။ မောင်မောင်ဦးကို အခိုးခိုင်းမည်။ အိမ်မှ ထွက်ပြေးမည် စသည်ဖြင့် သန္နိဋ္ဌာန်ချထားသည်။ ချစ်သူရင်ခွင်သို့ တစ်ရက်စော၍ရောက်ရလျှင် တစ်ရက်ပို၍ ပျော်စရာကောင်းမည်ဟုပင် မှတ်ထင်သည်။ အိမ်မှာ နန်းရှေ့ချိုင့်လှောင် ဘဝနှင့် နေရသည်နှင့်စာပါက ချစ်သူ၏ ရင်ခွင်မှာ ပိုမိုလွတ်လပ်လေမည်ဟုပင် အထင်ရောက်သည်။

သည်အတွင်းမှာပင် စိတ်နှလုံးနောက်ကျိဖွယ် အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာပါသည်။ ၎င်းမှာ ဖေဖေ့ထံ စာနှစ်စောင် တစ်ပြိုင်နက် ရောက်လာခြင်းဖြစ်သည်။ ကိုကို၏စာများ ဖြစ်ကြသည်။ ယင်းစာသည် တစ်အိမ်လုံးကို လှုပ်ခါလိုက်သည့်နှယ်ဖြစ်သည်။ ဆူပွက်သွားစေနိုင်သော အစွမ်းသတ္တိရှိသည်။

စာကိုလက်ခံသူမှာ ခင်ခင်ကြီး။ စာကိုလက်ခံပြီးနောက် ဖေဖေ့စားပွဲပေါ်မှာ တင်ထားရသည်။ စာနှစ်စောင်အနက် တစ်စောင်မှာ ကိုကို့လက်ရေးဖြင့် လိပ်စာတပ်ထားသည်ဖြစ်၍ ကိုကို့ထံမှဖြစ်ကြောင်းသိသော်လည်း ဖေဖေအလျှင် ဖောက်ဖတ်ခွင့်ရသည်မဟုတ်။ ဖေဖေဖတ်ပြီးမှသာ အခြားသူများ ဖတ်ရလေ့ရှိသည်။ စာတစ်စောင်မှာ အခြားသူတစ်ဦး၏လက်ရေးဖြင့် လိပ်စာတပ်ထားသည်။

အကယ်၍ စာများကို ကြိုတင်ဖတ်ရှုခွင့်ကို ရမည်ဆိုလျှင် တစ်အိမ်လုံးအား ဆူပွက်သွားစေနိုင်မည့် အရေးအခင်း ပေါ်ပေါက်လာလိမ့်မည်မဟုတ်ပေ။

ဖေဖေသည် နံနက်စာစားချိန်မှာ အိမ်သို့ရောက်လာသည်။ နံနက်စာစားသည်။ တစ်ရေးမအိပ်မီ စာများကို ဖွင့်ဖတ်လေ့ရှိသည်။ ဖေဖေသည် ထိုနေ့က ထုံးစံအတိုင်း စာကိုဖွင့်ဖတ်သည်။ မကြာမီမှာပင် ဖေဖေသည် စာနှစ်စောင်ကို လက်တွင်ကိုင်လျက် အိပ်ခန်းထဲမှ ထွက်လာကြောင်းမြင်ရသည်။ ဖေဖေ၏ မျက်နှာကိုမြင်ရလျှင်ပင် အကြောင်းတစ်စုံတစ်ရာဖြစ်လေပြီဟု ခင်ခင်ကြီး ထင်သည်။ ဖေဖေသည် လှေကားအတိုင်း ဝုန်းဝုန်းဒိုင်းဒိုင်းဆင်းလာသည်။

“မမြ၊ မမြ”

ဖေဖေက အရေးတကြီးလှမ်းခေါ်သည်။ မေမေသည် ဧည့်ခန်းသို့ပြေးထွက်သွားသည်။

“ဟော့ဒီမှာကြည့်စမ်း။ ခင်ဗျာ့သား လုပ်ပုံ”

စာများကို မေမေ့လက်အတွင်းသို့ ထိုးပေးသည်။ ဖေဖေ၏မျက်နှာမှာ ဒေါသရောင်ကြောင့် နီမြန်းနေသည်။ တင်းမာနေသည်။ မျက်လုံးအရောင်မှာ ပြောင်လက်နေသည်။

မေမေသည် ထိတ်ထိတ်ပျာပျာအမူအရာဖြင့် စာများကို ကမန်းကတန်းယူဖတ်သည်။ အစသော် မေမေ၏မျက်နှာမှာ အံ့ဩထိတ်လန့်ဟန်ရှိသည်။ တစ်စထက်တစ်စ ယင်းဟန်အမူအရာများ လွင့်ပျောက်သွားကာ ညှိုးရော်ခြင်းသို့ ကူးပြောင်းလာသည်။ စာများကို အဆုံးတိုင်ဖတ်ပြီးချိန်တွင်မူ ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည်။

“ကိုင်း ဘယ့်နှယ်ရှိစ။ ခင်ဗျားသားဟာ ဆက်ပြီး မိုက်မြဲကိုး။ လူကြီးတွေကို အရှုးလုပ်ချင်တုန်းပဲကိုး”

ဖေဖေက မကျေမနပ်ရေရွတ်သည်။

သည်တွင် ဘွားဘွားဧည့်ခန်းသို့ ရောက်လာသည်။


“မှန်း၊ ဘာတွေများ ရေးထားလို့လဲ” ဆိုကာ စာကို မေမေ့လက်မှ ယူဖတ်သည်။ ဘွားဘွားကိုယ်တိုင်သည်လည်း စာများကိုဖတ်ရင်း မတွေးနိုင် မအံ့နိုင် ပုံစံမျိုး ဖြစ်လာရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ကိုကိုတို့ မောင်မောင်ဦးတို့ စာမေးပွဲမှာ ခင်ခင်ကြီးတို့ထက် ရက်အနည်းငယ်နောက်ကျသည်။ စာမေးပွဲပြီးလျှင် ကိုကိုရော မောင်မောင်ဦးပါ မြို့သို့ ပြန်လာကြလိမ့်မည်ဟု ခင်ခင်ကြီး ယူမှတ်သည်။ စောင့်မျှော်၍လည်း နေရသည်။ ဘာပဲဖြစ်ဖြစ် မောင်မောင်ဦး မြို့သို့ပြန်လာလျှင် သူ၏အကြောင်းကို ဖွင့်ပြောမည် စိတ်ကူးသည်။ သူ့ထံမှ အကြံဉာဏ်ကို တောင်းရမည်။ သူ့အဆုံးအဖြတ်ကို နာခံ…**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓမ္မစေတီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကမ္ဘောဇဘဏ် ဗိုလ်တထောင်ဘဏ်ခွဲအား ဓားပြတိုက်မှု မှတ်တမ်းဓာတ်ပုံ။

## ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက် (၄၈)လမ်း အလယ်ဘလောက်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်ရာတွင် ပါဝင်သည့် တရားခံများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ငါးရက်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၇

ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက် (၄၈)လမ်း အလယ်ဘလောက်ရှိ ကမ္ဘောဇဘဏ်ခွဲ၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက FF/6532 FIELDER (အဖြူရောင်)ယာဉ်ဖြင့် နှာခေါင်းစည်း တပ်ဆင်ထားသည့် အမျိုးသား လေးဦးက ဘဏ်လုံခြုံရေးဝန်ထမ်းအား သေနတ်ဖြင့်ချိန်ရွယ်ကာ ဘဏ်အတွင်းတွင် အသင့်စောင့်နေသော အမျိုးသား တစ်ဦးနှင့်ပေါင်း၍ ငွေကျပ်သိန်း ၃၀၀၀ ကျော်ခန့်နှင့် ဖုန်းငါးလုံးအား ယူဆောင်ပြီး ပြန်လည်ထွက်ခွာသွားသည့် ဘဏ်ဓားပြတိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**


**ပေကျင်း ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည်**
စာ » ၁၂

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၂၁ သန်းကျော်ရှိလာ**
စာ » ၁၃

**ရည်မှန်းချက်ပန်းတိုင်များ၏ စရိုက်လက္ခဏာများ**
စာ » ၁၅





**အခန်းဆက် ဝတ္ထုရှည်**

စာ » ၂၀

## မြန်မာ့လက်ရွေးစင်အသင်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအကြို တူရကီနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တူရကီနိုင်ငံ ANTALYA မြို့၌ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလကုန်အထိ တူရကီနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

**ခြေစမ်းကစားသွားမည်**

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (A) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း (ဘရူနိုင်း/တီမော)တို့နှင့်အတူ ကျရောက်နေသည်။ မြန်မာအသင်းသည် တူရကီနိုင်ငံမှ ပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် တူရကီနိုင်ငံတွင် တူရကီကလပ်အသင်းများနှင့် ခြေစမ်းကစားသွားမည်ဖြစ်သည်။ **ကိုညီလေး**

## ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ကာရာဘောင်ဖလားကွာတားဖိုင်နယ် တက်လှမ်း



ချယ်လ်ဆီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ အောက်တိုဘာ ၂၆ ရက်ညပိုင်းက ကာရာဘောင်ဖလား ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာမှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ပြီး ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

ချယ်လ်ဆီး အသင်းဟာ ကာရာဘောင်ဖလား ၁၆ သင်းအဆင့်မှာ ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ကိုင်ဟာဗက်ရဲ့ ပွဲကစားချိန် ၄၄ မိနစ်မှာ ရရှိခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့်

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ☆